EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၁၆) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (မေ ၁၈ - မေ ၂၄၊ ၂၀၁၈)

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm



“ KIA က NCA လမ်းကြောင်းပေါ် တက်လာမှပဲရမယ်၊ တက်မလာဘူးဆိုရင် နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပုန်ကန်နေသူတွေအဖြစ် သတ်မှတ်ပြီး အစွမ်းကုန်ရှင်းမှာပဲ။ ”

စာ - ၇ သို့ »

## ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပါတီသုံးခု ပူးပေါင်း ယှဉ်ပြိုင်မည်

စာ - ၅ သို့ »

## မြစ်ကြီးနားမြို့တွင်း လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့သည့် အဖွဲ့ခေါင်းဆောင်သုံးဦးကို စစ်တပ်က အမှုဖွင့်

စာ - ၄ သို့ »

## ဖားကန့်တွင် ကုမ္ပဏီနှစ်ခုမီးရှို့သည်ဟု သံသယဖြစ်သူ အယောက် ၄၀ ဆယ်ခန့်အား စစ်ဆေးနေ

စာ - ၉ သို့ »

# တိုက်ပွဲကြောင့် တောတွင်းမှ မြစ်ကြီးနားမြို့ပေါ်သို့ စွန့်စွန့်စားစား ထွက်ပြေးလာကြသူများ

စာ - ၁၀/၁၁ သို့ »

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏စကားက ကေအိုင်အေကိုခြောက်လှန့်နေခြင်းဖြစ်သည် ဟုကေအိုင်အိုပြော

စာ - ၆ သို့ »



# ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသည့် စစ်ဘေးတိမ်းရှောင်မိသားစုများနှင့် ပတ်သက်

**ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသည့် စစ်ဘေးတိမ်းရှောင်မိသားစုများနှင့် ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အခြေစိုက် သတင်းမီဒီယာတို့ တွေ့ဆုံရှင်းလင်းပွဲကို ကချင်ပြည်နယ်အစိုးရရုံးရှိ မလိခခန်းမတွင် မေလ ၁၁ ရက်နေ့ ညနေ ၄ နာရီက ပြုလုပ်ခဲ့သည်။**


ဓါတ်ပုံ - Salai

ယင်းတွေ့ဆုံပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများတက်ရောက်ခဲ့ပြီး လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်တို့က စစ်ဘေးရှောင်ပြည်သူတို့၏ အရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

## လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၏ ပြောကြားချက်

ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် အကြောင်းအရာကို အဓိကထားပြီးပြောပါမယ်။ တစ်ကတော့ ဟိုတုန်းကတော့ စစ်ပွဲရပ်၊ စစ်ပွဲရပ်လို့ အော်ခဲ့ကြပါတယ်။ အခုတစ်ခါကျတော့ ကျွန်တော်တို့က ပိတ်မိပြည်သူတွေ ပြန်ထုတ်ရေး၊ ပြန်ထုတ်ရေး အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး သေသေချာချာဆွေးနွေးနိုင်ပါတယ်၊ မေးမြန်းနိုင်ပါတယ်။ အထူးသဖြင့် တနိုင်းမှာရှိတဲ့ အောင်လောဒ့်နယ်မြေပေါ့နော်၊ အောင်လောဒ့်ရွာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြီးခဲ့တဲ့သွားခဲ့တဲ့ခရီးစဉ်မှာ လိုက်ပါခဲ့တဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ်က နေပြီးတော့ ရှင်းပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ အဓိကဖြစ်တဲ့ ခေါ်ထုတ်တယ်၊ ခေါ်ထုတ်လာပြီးမှ အတင်းအဓမ္မဆွေမျိုးသားချင်းတွေဆီမှာအပ်လိုက်တယ် ဆိုတဲ့ကိစ္စကိုကျတော့ အပ်တာလား၊ ခေါ်တာလား၊ ဘာလားဆိုတာကို Third Party ဖြစ်တဲ့၊ တပ်နဲ့လည်းမဆိုင်ဘူး၊ အစိုးရနဲ့လည်းမဆိုင်တဲ့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်ကနေရှင်းပြမှာ ဖြစ်ပါတယ်။ အဓိကက အောင်လောဒ့်ကိစ္စ သေချာမေးပါ၊ သေချာလေးရှင်းပြမယ်။ နောက်တစ်ခုက ကားမိုင်း၊ မန်ဝယ်ကိစ္စ၊ ဒီကိစ္စတွေကိုသေချာရှင်းပြပေးမယ်။ တကယ်ပိတ်မိနေတာလား၊ မပိတ်မိဘူးလားဆိုတာမျိုးပေါ့။ ၂၀၁၈ ခုနှစ်ဧပြီလ ဒုတိယအပတ်လောက်မှာစပြီး တပ်မတော်နဲ့ KIA အဖွဲ့ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ အောင်လောဒ့်ဒေသခံပြည်သူများသည် တနိုင်းမြို့ပေါ်၊ မိုးကောင်းမြို့ပေါ်ကို ထွက်ပြေးတိမ်းရှောင်လာကြတယ်။ အင်ဂျန်းယန်မြို့နယ် အုပ်စုက ပြည်သူများဟာ မြစ်ကြီးနားမြို့သို့ တိမ်းရှောင်လာကြတယ်။ ကျွန်တော်တို့ဟာ ဒီပြဿနာတွေကို ဖြေရှင်းတဲ့အခါ အထက်လူကြီးတော်တော်များများကို တိုင်ပင်ပြီးမှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လူသားချင်းစာနာထောက်ထားမှုကို နံပါတ်တစ်ဦးစားပေးပါတယ်။ နံပါတ်နှစ်က ဘယ်ဘက်မှမပါဘူးဆိုတာ ပြောချင်ပါတယ်။ ကြားနေမှအလယ်ခေါင်တည့်တည့်၊ ခြံစည်းရိုးပေါ်မှာ ခွထိုင်တဲ့ ကြားနေမျိုးမဟုတ်ပါဘူး။ အမှန်တရားနဲ့အတူ အလယ်မှာရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်ဖြေတဲ့နေရာမှာ ဘယ်သူ့ကိုမှမထိခိုက်ဘဲနဲ့ အမှီအခိုကင်းစွာနဲ့ ဖြေသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေမဲ့ အသုံးအနှုန်း၊ အပြုအမူမျိုးကို တတ်နိုင်သမျှ ရှောင်ကြဉ်ပြီးမှ လုပ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့အပြင် အခြားလူမှုအဖွဲ့အစည်း၊ တစ်သီးပုဂ္ဂလအနေနဲ့ လာရောက်လှူဒါန်းတာတွေ အများကြီးရှိပါတယ်။ ကျွန်တော့်အထင်ကတော့ တစ်လစာမကပါဘူး။ တချို့တွေဆိုဆန်ကိုဆိုရင် ထားစရာနေရာမရှိလို့ နောက်တစ်လမှ ထောက်ပံ့ပါလို့ပြောခဲ့တာတွေ ရှိပါတယ်။


ဓါတ်ပုံ - Salai


ဓါတ်ပုံ - Salai

တနိုင်းမြို့နယ်၊ အောင်လောဒ့်ဒေသကို မြစ်ကြီးနားလဝကခရိုင်ဦးစီးမှူး ဦးကိုကိုစိုးဦးဆောင်တဲ့အဖွဲ့ဟာ အောင်လော့ဒ်ဒေသကို မေလ ၄ ရက်နေ့မှာရောက်ရှိပါတယ်။ သူတို့မရောက်ခင်မှာ ကျွန်တော်တို့က ကြက်ခြေနီကို ကျွန်တော်တို့ရဲ့ ဆန်ရိက္ခာအပြည့်ကို ကြက်ခြေနီဥက္ကဋ္ဌ ဦးဆောင်ပြီးမှ ကားရှစ်စီးနဲ့ အောင်လော့ဒ်ကို အရင်လွှတ်ပါတယ်။ ရက်စွဲတော့မမှတ်မိတော့ဘူး။ ကျွန်တော်တို့အဖွဲ့ ရောက်တဲ့အခါ မီးလောင်ကျွမ်းနေတဲ့ အဆောက်အဦတွေတွေ့ပါတယ်။ အဲဒီမှာရောက်ရှိနေတဲ့ အဲဒီကတပ်ရင်းမှူး ပြောကြားချက်အရဆိုရင် အဲဒီကဌာနချုပ် (KIA တပ်မဟာ ၂)မှာ ရှိတဲ့ရုံးတွေ၊ ရဲစခန်းတွေ၊ ဆေးခန်းတွေ၊ ရုံးလုပ်ငန်းတွေနဲ့ ပတ်သက်တာတွေဖြစ်ပါတယ်။ အဲဒီမှာတိတိကျကျရှိထားတာက မီးရှို့သော်ငြားလည်း မလောင်တဲ့ဟာက တရားရုံးဖြစ်ပါတယ်။ အဲဒီနေရာနဲ့တစ်လမ်းပဲ ခြားတဲ့နေရာမှာ သူတို့(KIA)အကြီးအကဲတွေရဲ့အိမ်တွေဟာ ပကတိကောင်းမွန်စွာ၊ သပ်ရပ်စွာ၊ သားသားနားနားပဲရှိတယ်။ ရဲစခန်းလို့ယူဆရတဲ့ မီးလောင်ကျွမ်းခဲ့တဲ့နေရာမှာလည်း ဘာစာရွက်သက်သေအထောက်အထားမှမတွေ့ခဲ့ရပါဘူး။ ဆိုလိုတာက လေကြောင်းက ပစ်တဲ့လက်နက်ကြီးထိခိုက်တဲ့၊ အဖျားခတ်တဲ့ ပုံစံလုံးဝ မတွေ့ရပါဘူး။ နောက်တစ်ခုက လက်



# ...၏ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အခြေစိုက် သတင်းမီဒီယာတို့တွေ့ဆုံရှင်းလင်းပွဲ

နက်ကြီးအဖျားခတ်တဲ့ပုံစံ လုံး၀ မတွေ့ရဘူး။ မီးလောင်တဲ့အခြမ်းက သက်သက်ဖြစ်ပါတယ်။ မီးမလောင်တဲ့အခြမ်းက လမ်းရဲ့တစ်ဖက်သက်သက်ဖြစ်ပါတယ်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ဝင်း ဦးဆောင်တဲ့အဖွဲ့ဟာ ဖားကန့်မြို့နယ်၊ လိုင်နောင်ခူး(မန်ဝေ) ဒေသလုပ်ငန်းကော်မတီအတွက်မေလ ၅ ရက် ညနေ၅နာရီမှာ ချောင်း၀ ကျေးရွာမှာ ရောက်ရှိခဲ့ပါတယ်။ ၆ ရက်နေ့ညနေမှာ ချောင်း၀ကနေ စက်လှေသုံးစီးနဲ့ လိုင်နောင်ခူး(မန်ဝေ)ဒေသကိုသွားပြီး ကျေးရွာတွင်းနေထိုင်သူတွေကို စီစစ်တဲ့အခါမှာ ၁၅၂ဦး နေထိုင်လျက်ရှိတာကို သိရပါတယ်။ အဲဒီမှာ သူတို့ဆန္ဒကိုမေးမြန်းခဲ့တဲ့အခါ တချို့က မပြန်ချင်ပါဘူး၊ မသွားချင်ပါဘူး။ တိုက်ပွဲလည်းမဖြစ်တဲ့အတွက် ဒီမှာပဲ ဆက်နေပါရစေလို့ပြောပါတယ်။



**ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်**

ပိတ်မိနေတဲ့ရွာက လူတွေ တစ်ယောက်မှ မရှိဘူး။ ကျွန်တော်တို့သိတဲ့အတိုင်းပဲ မေလ လဆန်းပိုင်းမှာ အကြီးအကျယ် ဆန္ဒပြတယ်။ ဒီလောက်အခြေအနေဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ဒုတိယအကြိမ်လူမှုရေးဝန်ကြီးနဲ့အတူ မေလ ၁၀ ရက်နေ့မှာသွားတယ်။ တနိုင်းကနေ တစ်ဆင့်ပြီးတစ်ဆင့် သွားတဲ့အခါ ဟိုး . KIA အမှတ်(၂)တပ်မဟာ အခြေစိုက်တဲ့နေရာထိ ရောက်တယ်။ အဲ့ဒီတော့ တင်ပြထားတဲ့ ပိတ်မိပြည်သူရှိသလား သွားကြည့်တယ်။ KIA တပ်မဟာ(၂) ရောက်တဲ့အခါ မီးလောင်တာ အများကြီးရှိတယ်။ အခိုင်အမာဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေ ရာနဲ့ချီရှိတယ်။ ပြီးတော့ . မီးမရှို့လိုက်တဲ့ အဆောက်အအုံ နှစ်ထပ်ကောင်းတာတွေရှိတယ်။ ဒီ တပ်မဟာ(၂)နဲ့ အောင်လော့ဒ်ရွာဟာ တစ်ဆက်တည်းပဲ။ အဲဒီရွာကို ကျွန်တော်တို့နှစ်နာရီကြာလှည့်တယ်။ အဲဒီဘက်မှာ အိမ်တစ်လုံးမှမီးမလောင်ဘူး။ ဆိုတော့ အဲဒီ ပိတ်မိနေတဲ့ပြည်သူတွေဘယ်မှာလဲလို့လိုက်ရှာတယ်၊ ဘယ်မှာမှ မတွေ့ဘူး၊ ဘယ်သူမှ မတွေ့ဘူး။ အကြီးအကျယ် ဆန္ဒပြတာကြောင့် ဘယ်လောက်ထိပိတ်မိနေလဲလို့ ကျွန်တော်တို့က အစိုးရကပဲ ဒီကိုမဆင်းခိုင်းဘဲ ပိတ်မိနေတာလား၊ KIA ကပဲ ပိတ်မိနေတာလား၊ ကျွန်တော်က တွက်တယ်။ ဒါပေမဲ့အဲလိုမဟုတ်ဘူး၊ အစိုးရကလည်း ပိတ်တာမရှိဘူး၊ နောက်တစ်ခါ KIA ဘက်ကလည်း ပိတ်တာမရှိဘူး၊ နှစ်ဦးလုံးကို မတွေ့ဘူး။

မီဒီယာများ၏အမေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၏ အဖြေ

**မေးခွန်း(၁)။ ။ဒုက္ခသည်တွေကို ဘယ်အချိန်နေရပ်ပြန်ပို့မလဲ။**

ဖြေ။ ။ နမ္မတီးမှာလည်းဆွေးနွေးတယ်၊ တခြားဒေသမှာလည်းဆွေးနွေးတယ်။ ဘယ်အချိန်ပြန်မှာလဲ၊ ဘယ်အချိန်ပြန်နိုင်မှာလဲ။ လိုတိုရှင်းပြောရရင် ကဆုန်၊ နမ္မတီးမှာ ဆွေးနွေးကြတဲ့အခါ မင်းတို့ဘယ်ချိန်ပြန်မလဲလို့ မေးကြည့်တဲ့အခါ သူတို့က မပြန်ချင်ဘူး၊ ပြန်ချင်တယ်၊ မပြန်ချင်ဘူး၊ အဲ့ဒီအခါကျတော့ ဒီဘက်ကဘာမေးလဲဆိုရင် (တစ်)အဲဒီကဆုန့်ရွာမှာ တိုက်ပွဲဖြစ်သလားမေးတယ်၊ မဖြစ်ဘူးလို့ဖြေတယ်။ (နှစ်) အဲ့ဒီမှာလက်နက်ကိုင်တပ်(အစိုးရဘက်ကရှိသလား၊ မရှိဘူးလို့ဖြေတယ်။ (သုံး)ဟိုဘက်ကလက်နက်ကိုင်အဖွဲ့အစည်း KIA ရှိသလား၊ မရှိဘူးလို့ဖြေတယ်။ ပြန်ချင်တဲ့အချိန် အချိန်မရွေးပြောပါ၊ ကျွန်တော့်မှာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရှိတယ်။ ကားအချိန်မရွေးယူလို့ရတယ်။ တခြား လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနလည်းရှိတယ် ရိက္ခာအပြည့်ထည့်ပေးလိုက်မယ်။

**မေးခွန်း(၂)။ ။အောင်လော့ဒ်မှာ တကယ်ပဲပိတ်မိပြည်သူမရှိတာလား။**

ဖြေ။ ။ပိတ်မိနေတဲ့ပြည်သူတွေဟာ အဲဒီရွာမှာမရှိတာ။ ဘယ်နေရာရှိတယ်ဆိုတာ အိုင်ဒုန့်ရိုး။ ရှင်းပြီနော်။ အဲဒီရွာမှာ မရှိတာ။ ပိတ်မိပြည်သူရှိတယ်ဆိုတာ မသိဘူး။ အားကောင်းတဲ့ ဒရုန်းနဲ့ဝင်ပြီးတော့ရှာရင်တော့ တွေ့နိုင်တာပေါ့။

**မေးခွန်း(၃)။ ။ပြည်နယ်အစိုးရအနေနဲ့ သတင်းစာရှင်းလင်းပွဲ လစဉ်ပြုလုပ်ပေးနိုင်မလား။**

ဖြေ။ ။If necessary. If available. လိုအပ်တဲ့အချိန်အဆင်ပြေရင်ပြေသလိုလုပ်ပေးမယ်။

ခေါင်ဒေါင်နုတ်၊ Salai






# မြစ်ကြီးနားမြို့တွင်း လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့သည့် အဖွဲ့ခေါင်းဆောင်သုံးဦးကို စစ်တပ်က အမှုဖွင့်



မြစ်ကြီးနား၊ မေ ၁၅

တိုက်ပွဲကြောင့် ပိတ်မိသောစစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် မြစ်ကြီးနားမြို့အတွင်း လှည့်လည်ဆန္ဒပြတောင်းဆိုသူများကို ဦးဆောင်သူသုံးဦးအား တပ်မတော်က အသရေဖျက်မှုဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်းသိရသည်။

အသရေဖျက်မှု ပုဒ်မ - ၅၀၀ ဖြင့် အမှုဖွင့်ခံရသူများမှာ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့်ဒေါ်နန်ပူတို့ဖြစ်သည်။ ၎င်းတို့ကိုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးကတရားလိုပြု၍ အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး မေလ ၁၆ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးသို့ လာရောက် အစစ်ဆေးခံရန် ဆင့်ဆိုထားကြောင်း ကိုဇော်ဂျတ်ထံမှ သိရသည်။

“ပုဒ်မ ၅၀၀ နဲ့အမှုဖွင့်ထားတဲ့စာတော့ရောက်ပြီ။ ကျွန်တော်တို့လည်း ဥပဒေအတိုင်းရင်ဆိုင်ဖို့ရှိမယ်။ ဒီပုဒ်မကို ကျွန်တော်ကတော့ ကျူးလွန်တယ်လို့မထင်ဘူး။အထောက်အထားလည်းမရှိဘူး။ မနက်ဖြန်ရုံးရောက်ရင်တော့ သိရမှာပေါ့”ဟု ကိုဇော်ဂျတ်ကပြောသည်။

မေလ ၉ ရက်နေ့တုန်းကလည်း ကချင်လူငယ်ထုသပိတ်စခန်းကို ဦးဆောင်သူကိုလွမ်းဇောင်းနှင့် မဆွတ်ဆိုင်းထွယ်တို့ကို ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုချက်မယူ၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ပြီး ၎င်းတို့နှစ်ဦးအား မြို့နယ်တရားရုံးက ဒဏ်ငွေသုံးသောင်းစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

Salai

# စကားမပြောနိုင်သည့် မသန်စွမ်းများကိုယ်စား ၎င်းတို့၏ မိသားစုဝင်များကို ကော်မတီဝင်အဖြစ် ဝင်ခွင့်ပြုမည်ဟုဆို

မြစ်ကြီးနား၊ မေ ၁၂

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းတွင် စကားမပြောနိုင်သူများ၏ ကိုယ်စား၎င်းတို့၏မိသားစုဝင်များကိုကော်မတီဝင်များအနေဖြင့် ဝင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းများအသင်း ကချင်ပြည်နယ်ဥက္ကဋ္ဌဦးဂျီဇုန်းဆောင်က ပြောသည်။

စကားမပြောနိုင်သည့် မသန်စွမ်းလေဖြတ်သူများ၊ ပိုလီယိုများနှင့် အကြားအာရုံချို့တဲ့သူများ၏ကိုယ်စား မိဘသို့မဟုတ် ညီအစ်ကို၊ မောင်နှမပါဝင်ဖွဲ့စည်းတော့မည်ဖြစ်သဖြင့်မသန်စွမ်းအသင်းတွင်သာမာန်လူများ ပါဝင်လာခြင်းကြောင့်အသင်းလည်ပတ်ရာ၌ အထောက်ကူပြုလာနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါအသင်းအဖွဲ့ကိုမကြာမီအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကမ္ဘာ့ကြက်ခြေနီအသင်းက ပြောကြားခဲ့ကြောင်း ဦးဇုန်းဆောင်ထံမှ သိရသည်။

“ကျန်တဲ့ ခြေလက်မသန်သူများနဲ့ မျက်မမြင်နားမကြားတဲ့သူတွေက ကိုယ်တိုင်ပါဝင်ရမယ်။ သူတို့ပါရင် ကျွန်တော်တို့မသန်စွမ်းတွေအတွက် များစွာအထောက်အကူ ဖြစ်လာနိုင်ပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ မသန်စွမ်းအချင်းချင်းဆိုရင် လုပ်ငန်းလုပ်ဆောင်မှုတွေမှာ အခက်အခဲတွေများစွာ ကြုံတွေ့နေရပါတယ်”ဟု ဦးဂျီဇုန်းဆောင်က ပြောသည်။

အဆိုပါ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းများအသင်းသည် ပုဂ္ဂလိကအသင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရမှ ဗဟိုပြုစီမံအုပ်ချုပ်သည့် နည်းစနစ်ဖြင့် လူမှုဝန်ထမ်းဌာနပါဝင်သော ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းလည်း မတ်လ ၂၁-၂၂ ရက်က ICRC ခြေတုလက်တုရုံးတွင်ပြုလုပ်သည့် သင်တန်းတွင် အစိုးရဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

“ပြည်နယ်အတွင်းမှာရှိတဲ့ ၁မြို့နယ်ကိုခေါ်ပြီးဥပဒေတွေနဲ့ အခွင့်အရေးတွင် လာသင်သွားတယ်။ နိုင်ငံတော် အစိုးရလုပ်သလို ရုံးချုပ်ကနေပြီးတော့ ပြည်နယ်၊ခရိုင်၊မြို့နယ် အဆင့်ဆင့်ဖွဲ့စည်းသွားမယ်လို့ပြောတယ်။ ဒါပေမဲ့ ချက်ချင်းတော့ မဖွဲ့စည်းနိုင်သေးဘူးလို့ပြောတယ်”ဟု ဦးဂျီဇုန်းဆောင်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းပေါင်း ၃၀ ကျော်ရှိကြောင်းနှင့် ကချင်ပြည်နယ်တွင် အသင်းဝင်ကဒ်ရရှိထားသည့်မသန်စွမ်းဦးရေ ၈၀၀ ခန့်ရှိကြောင်း သိရသည်။

မသန်စွမ်းအသင်းဝင်များအနေဖြင့်အသင်းတွင်းထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများနှင့် လူမှုရေး၊ ကျန်းမာရေးပြဿနာများကို ကူညီဖြေရှင်းပေးမှု၊ ကျောင်းနေကလေးများ ကျောင်းထောက်ပံ့ငွေတို့ ခံစားခွင့်ရှိကြောင်း သိရသည်။

မွန်းမွန်းပန်

# ကချင်ပြည်နယ်တောင်သူများကို စိုက်ပျိုးရေးနည်းပညာသစ်များဖြင့် လက်တွေ့သင်ကြားမည်

မြစ်ကြီးနား၊ မေ ၁၅

ကချင်ပြည်နယ်ရှိ တောင်သူများ နည်းပညာအသစ်ဖြင့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဌာနက လက်တွေ့ကွင်းဆင်း သင်ကြားပေးသွားမည်ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သီးနှံနှင့် အခြားသောအပင်များကို စိုက်ပျိုးရာတွင် စားသုံးသူများအန္တရာယ်ကင်းရှင်းရေးအတွက် အာဆီယံစိုက်ပျိုးရေးအလေ့အကျင့်ကောင်း (GAP)နည်းစနစ်များကို အခြေခံကာ ကွင်းဆင်းသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးအောင်မျိုးဝင်းက ပြောသည်။

အဓိကကတော့ စားသုံးတွေအန္တရာယ်ကင်းဖို့အတွက် လုပ်တာပါ။ ဒီလိုစိုက်ပျိုးနည်းစနစ်သစ်တွေနဲ့ တောင်သူတွေစိုက်ပျိုးနိုင်လာအောင်လို့ လုပ်ဖို့ရည်ရွယ်တာ ဖြစ်ပါတယ်”ဟု ဦးအောင်မျိုးဝင်းက ပြောသည်။

ထိုနည်းပညာများအပြင် ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်မည့် နည်းလမ်းများကိုလည်း ပြောကြားပေးသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်သည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပြ၊ ဦးစီးမှူးဦးဝဏ္ဏထွန်းမှ ပြောသည်။

“ကျွန်တော်တို့ရဲ့ထုတ်ကုန်တွေကို ဘေးအန္တရာယ်ကင်းရှင်းဖို့ပေါ့။ ပြီးတော့ ဈေးကွက်ရရှိဖို့ပေါ့။ နိုင်ငံတကာဈေးကွက်မှာ ဒီလိုအလေ့ကောင်းတွေနဲ့ ထုတ်လုပ်ထားတယ်ဆိုတာပြနိုင်အောင်လို့ လုပ်တာပါ”ဟု ဦးဝဏ္ဏထွန်းက ဆက်လက်ပြောသည်။

အထက်ပါသင်တန်းကို သင်ကြားနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း နည်းစနစ်အသစ်များကို လေ့လာသင်ကြားပေးထားကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

သို့
အယ်ဒီတာ
မြစ်ကြီးနားသတင်းဂျာနယ်။

## အယ်ဒီတာထံပေးစာ

သောင်းကျော်မဟုတ်တော့ဘူး။ အခု မီတာခက အခုလသိန်းကျော်ထိကျနေပါတယ်။ အရင်က အလွန်ဆုံးဆောင်ရရင်တစ်သောင်းခွဲပဲ။ ဟိုတလော မိုးချိန်းတဲ့ည အိမ်ကအပေါ်စက်အောက်စက်၊ အဝတ်လျှော်စက်ပါ ပျက်သွားတယ်ဆိုတော့၊ ဒီလမီးသိပ်မသုံးဖြစ်ဘူးဆိုတော့ မီတာခနည်းလာရမယ် ထင်ထားတာ အခုမီတာစာရွက်ရောက်လာတော့ တစ်သိန်းခွဲထိတက်လာတော့ ချွတ်ယွင်းချက် တစ်ခုခုကြောင့်များလားလို့ ရုံးထိသွားခဲ့တယ်။ အရင်လူက ကောင်းကောင်းမဖတ်လို့တဲ့ဗျာ။ အရင်ကဟာတွေပေါင်းပြီး ယူလိုက်တာတဲ့။ ဒီလိုဖြစ်နေတာ ကျွန်တော့်အိမ်ပဲမဟုတ်ပါဘူး။ အဖြစ်အပျက်က စီတာပူတစ်ရပ်ကွက်လုံးနီးပါးတူနေတယ်။ တစ်ရပ်ကွက်လုံးမီတာမှားဖတ်ခဲ့တာ ဖြစ်နိုင်လား၊ သုံးတာချင်းတူတူ တချို့အိမ်ကထောင်ဂဏန်းပဲ။ ခါတိုင်းဆိုရင် ဖုန်းတောင်မကိုင်တတ်တဲ့အိမ်တွေ မီးပဲသုံးတယ် တချို့အိမ်တွေဆို အခုသောင်းကြီးဆောင်နေရတယ်။ ပိုသုံးလို့ပိုဆောင်ရတယ်ဆို သဘာဝကျပါတယ်။ တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် အခုလိုအဖြစ်မျိုး ပတ်ဖြစ်နေတာကို သိလာတော့ နားမလည်စရာတွေ ပိုများတာပေါ့။ ပိုတောင်းတော့မယ်ဆိုလည်း ပိုတောင်းတော့မယ့်အကြောင်း ရှင်းရှင်းပြောပြီး ဆောင်ခိုင်းကြပါဘူးဂါးရယ်။ ဘူးဂါးကြောင့် လင်းလင်းထိန်ထိန်နေရတဲ့ ကျေးဇူးလည်းမမေ့ပါဘူး။ အိမ်ရွှေ့ပြီးမတရားမီတာတက်နေတာမျိုးလည်း မဖြစ်စေချင်ဘူးဗျာ။ ဒီကိစ္စကို အကောင်းဆုံးဖြေရှင်းစေလိုပါတယ် ဘူးဂါးကုမ္ပဏီခင်ဗျာ. . . ။

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်၊ ဇော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ဇော်နိုင်ဦး

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

နယ်သတင်းထောက်
သန်းထွန်းအောင်၊

ကွန်ပျူတာစာစီ
ဝေဝေအောင်

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
La Tawng၊

မြစ်ကြီးနားရုံးတာဝန်ခံ
နိုနိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

စာရင်းကိုင်
နန်အောင်၊ ဘောက်နူးဂျာ

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး၊ ဂျာစင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၁)

ဆက်သွယ်ရန်
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပါတီသုံးခု ပူးပေါင်း ယှဉ်ပြိုင်မည်

မြစ်ကြီးနား၊ မေ ၁၄

နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပါတီသုံးပါတီပူးပေါင်း၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကချင်နိုင်ငံရေးပါတီများဖြစ်သည့် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) နှင့် မနောတိုင်ပါတီဟု လူသိများသော ဦးခက်ထိန်နန်၏ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ(ကချင်ပြည်နယ်)တို့ သုံးပါတီပူးပေါင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုပါတီများသည် ပါတီတစ်ခုတည်းဖြစ်ရေးအတွက် သဘောတူညီမှုရရှိထားပြီး ပါတီအသစ် နာမည်နှင့်အလံတို့မှာ တရားဝင်မဖြစ်သေးသည့်အတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် မိခင်ပါတီနာမည်ဖြင့်သာ ယှဉ်ပြိုင်သွားမည်ဟု KSDP ဥက္ကဋ္ဌ ဒေါက်တာတူးဂျာကပြောသည်။

"ပါတီအသစ်အနေနဲ့က ပါတီမှတ်ပုံတင် မကျသေးတော့ ပါတီအသစ်နာမည်နဲ့တော့ ဖြစ်နိုင်ဖွယ်မရှိဘူး။ ဒါပေမဲ့ ပါတီအသစ်တည်ထောင်တဲ့အထဲမှာပါတဲ့ သုံးပါတီထဲက သင့်တော်တဲ့သူရွေးပါ့မယ်။ ရွေးပြီးတော့မှ မိခင်ပါတီအမည်ခံနဲ့ ဝင်ရောက်ယှဉ်ပြိုင်မယ်"ဟု ဒေါက်တာတူးဂျာကပြောသည်။

ကျန်ရှိသည့် ကချင်နိုင်ငံရေးပါတီအချို့မှာ လက်ရှိအချိန်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ်မရှိသေးကြောင်းနှင့် ပါတီအတွင်းဆွေးနွေးမှုများ မပြုလုပ်ရသေးဟုဆိုသည်။

မကြာသေးမီက ပါတီအလံတင်အခမ်းအနားနှင့် ဆိုင်းဘုတ်တင်ပွဲကျင်းပခဲ့သည့် နိုင်ငံရေးပါတီအသစ်တစ်ခုဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီအနေဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

"အခုလက်ရှိအနေအထားမှာတော့ မရှိသေးဘူး။ ကချင်ပါတီအငယ်တွေလည်း ရှိနေကြတော့ သူတို့နဲ့လည်းမဆွေးနွေးရသေးဘူး။ တကယ်လို့ သူတို့ဝင်မယ်ဆို ကျွန်မတို့နောက်ဆုတ်ပေးမယ်။ သူတို့မဝင်ရင်တော့ ဝင်ရွေးဖို့အစီအစဉ်တော့ရှိတယ်"ဟု ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါ်ဘောက်ဂျာကပြောသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးတွင် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၂)နေရာအတွက် ၂၀၁၅ က ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် မြစ်ကြီးနားမြို့နယ်မှ ဒေါ်ရှီလာနန်တောင်မှာ ဇန်နဝါရီ ၁၀ ရက်နေ့က နေပြည်တော်တွင် ကွယ်လွန်သွားခဲ့သဖြင့် အသစ်ပြန်လည်ရွေးချယ်ခြင်းဖြစ်သည်။

Salai

# စီတာပူနှစ်ခြင်းဘုရားကျောင်းရှေ့မှ ဓာတ်ဆီဆိုင်ကိုဖယ်ရှားပေးရန် အိမ်နီးချင်းများထပ်မံတောင်းဆို

မြစ်ကြီးနား၊ မေ ၁၅

မြစ်ကြီးနားမြို့၊ စီတာပူနှစ်ခြင်းဘုရားကျောင်းရှေ့တွင် ဓာတ်ဆီရောင်းချနေသောဆိုင်ကို ဖယ်ရှားပေးရန် ရပ်ကွက်နေပြည်သူများ၏ တိုင်ကြားချက်ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နောက်ဆုံးရက်သတ်မှတ်ကာ ဖယ်ရှားခိုင်းခဲ့သော်လည်း ငါးလကျော်ကြာသည့်တိုင် ပိတ်သိမ်းခြင်း မရှိသေးသဖြင့် ပြန်လည်စစ်ဆေးပေးစေလိုသည့် ရပ်ကွက်နေအိမ်နီးချင်းတစ်ဦးက ပြောသည်။

ယင်းဓာတ်ဆီဆိုင်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထားပြောင်းရွှေ့ပေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ထားသော်လည်း ယနေ့တိုင်ဆက်လက်ရောင်းချနေကြောင်း၊ ထိုဆိုင်မှထွက်လာသည့် ဓာတ်ဆီအနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များတွင် ကျန်းမာရေးထိခိုက်နေကြောင်း၊ ဆက်လက်မရောင်းချရန်အတွက် အစိုးရအဖွဲ့အနေဖြင့် တားမြစ်ပေးသင့်ကြောင်း စီတာပူရပ်ကွက်၊ အိမ်အမှတ် CR/59 မှ ဦးတူးခေါ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

"အနံ့တွေက အရမ်းဆိုးတယ်။ အိမ်တံခါးပိတ်ပြီးအမြဲတမ်းနေရတယ်။ မီးဘေးလည်း အရမ်းစိုးရိမ်ရတယ်။ ဒီနားမှာ အိမ်တွေက ကပ်နေတာလေ။ အမြဲတမ်းမီးဘေးအတွက်စိတ်ပူနေရတယ်။ ရာသီဥတုကလည်း အရမ်းပူလာပြီ"ဟု ဦးတူးခေါ်က ပြောသည်။

မြို့နယ်ထွေ/အုပ်က ယင်းကိစ္စနှင့်ပတ်သက်ပြီး သိုလှောင်ရောင်းချမှုတွေ့ရှိလျှင် ဓာတ်ပုံသက်သေနှင့် တကွ လာရောက်တိုင်ကြားနိုင်သည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

မြစ်ကြီးနားမြို့ပေါ်တွင် သတ္တုတွင်းဝန်ကြီးဌာနမှခွင့်ပြုထားသည့် ဓာတ်ဆီပန့်ဆိုင်ကြီး ၉ ဆိုင်နှင့် နားလည်မှုဖြင့်ရောင်းချနေသော ဆိုင်ပေါင်း ၅၂၂ဆိုင်ရှိသည်ဟုလည်း အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

စည်ပင်သာယာဌာနအနေဖြင့်မူ လမ်းဘေးဓာတ်ဆီရောင်းချခြင်းနှင့်ပတ်သက်၍ နားလည်မှု ပေးထားသော်လည်း ရောင်းချသည့်အနီးမှ အိမ်နီးနားချင်းများ၏ သဘောတူညီမှုကိုလည်း အလေးထားသင့်သည်ဟု ဆိုသည်။

"ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ အညီပါဆောင်ရွက်ခွင့်ရှိပါတယ်။ အဓိက အိမ်အနားလေးရပ်က မထောက်ခံရင်တော့ ဖွင့်လို့မရပါဘူး"ဟု စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် မြစ်ကြီးနားသတင်းဂျာနယ်တွေ့ဆုံစဉ်က ဖြေကြားထားသည်။

စီတာပူ နှစ်ခြင်းဘုရားကျောင်းရှေ့မှဒေါ်မငယ်ဓာတ်ဆီဆိုင်သည် မြစ်ကြီးနားမြို့တွင် ရောင်းအားကောင်းသော ဓာတ်ဆီဆိုင်တစ်ဆိုင်ဖြစ်ပြီး ထိုဆိုင်တွင် သိုလှောင်ထားသည့် ဓာတ်ဆီများက မီးဘေးအန္တရာယ်ကို စိုးရိမ်ရခြင်း၊ သိုလှောင်/ဖိတ်လျှံသည့် ဓာတ်ဆီများမှထွက်သည့် အနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များ ကျန်းမာရေးထိခိုက်နေခြင်းတို့ကြောင့် ဘေးပတ်ဝန်းကျင်နေအိမ်များက မြို့နယ်ထွေ/အုပ်ထံသုံးကြိမ်တိုင်တင်ပြတိုင်တန်းခဲ့သဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးထားပြောင်းရွှေ့ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

**Editorial**

**အယ်ဒီတာ့အာဘော်**

## စားခုတ်ရာ လက်ဝင် မလျှိုစေလို

ပြည်တွင်းငြိမ်းချမ်းရေးကို အဓိကထား ဆောင်ရွက်မယ်လို့ ဟစ်ကြွေးပြီး တက်လာခဲ့တဲ့ NLD အစိုးရကြီးရဲ့ သက်တမ်းက အခုဆိုရင် နှစ်နှစ်ကျော်လာခဲ့ပါပြီ။ သူတို့ဟစ်ကြွေးခဲ့သလို နှစ်နှစ်အတွင်းမှာ အစိုးရရဲ့ကြိုးပမ်းမှုက ထင်သလောက်ခရီးမပေါက်ခဲ့တော့ ပြစ်တင်ဝေဖန်မှုတွေက ဟိုနားတစ်စွန်းတစ်စ၊ ဒီနားတစ်စွန်းတစ်စဆိုသလို ကြားလာရပါတယ်။

လုပ်ပိုင်ခွင့်ဆိုလို့ မယ်မယ်ရရမရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကတော့ ပြည်သူ့အလိုလိုက်ရေးထက် အထက်အမိန့်ကိုစောင့်ဆိုင်းပြီး ထားရာနေစေရာသွားဘဝမှာပြည်သူရဲ့ မေတ္တာကို မရရှိခဲ့ကြရှာပါဘူး။

လတ်တလောပြန်ဖြစ်လာတဲ့ တိုက်ပွဲတွေနဲ့ပတ်သက်ပြီး အစိုးရက ပါဝင်ပတ်သက်မှုရှိနေတယ်လို့ ဝေဖန်ခံနေရချိန်မှာ အရင့်အရင်အစိုးရတွေလို သူတို့ကောင်းကြောင်းချည်းရေးမယ့် မီဒီယာတွေ သီးသန့်ခေါ်ထုတ်လာပြီး မမြင်ရတဲ့သူတွေအပေါ် ပြောချင်ရာပြောခိုင်းခံရတဲ့ ပြန်ကြားရေးဦးဆောင်မှုအောက်မှာတော့ ကြားညပ်ခဲ့ပါတယ်။ အဲဒီနောက်မှာ ပြည်နယ်တွင်းမီဒီယာတွေနဲ့ ကျင်းပလိုက်တဲ့ သတင်းစာရှင်းလင်းပွဲကတော့ ပြည်နယ်အစိုးရကို ဝေဖန်မှုတွေ ပိုမိုမြင့်တက်စေခဲ့ပါတယ်။ ပြည်နယ်အစိုးရကို ကိုယ်စားပြုပြီး မီဒီယာတွေကို ဖြေဆိုလိုက်တဲ့ အဖြေတွေနဲ့ ပြောဆိုမှုတွေက ပါတီဝင်အချင်းချင်းကိုတောင် စိတ်ပျက်စေခဲ့တာပါ။ ကြားဖြတ်ရွေးကောက်ပွဲနီးတဲ့အချိန်မှာ ဒီလိုလုပ်လိုက်ခြင်းက ပါတီရဲ့ပုံရိပ်ကိုကျဆင်းအောင် လုပ်ဆောင်ရာကျတယ်လို့လည်း ဆိုကြပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ယန်ဟီးလီတို့က စစ်ရှောင်ဒုက္ခသည် မိသားစုများအတွက် စိုးရိမ်ကြောင်း ဖော်ပြတဲ့အနေနဲ့ ကြေညာချက်တွေ ထုတ်ပြန်နေချိန်၊ ပဋိပက္ခဇုန်ထဲမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခွင့်ပြုဖို့နဲ့ အရပ်သားပြည်သူတွေကို ကာကွယ်ပေးဖို့ တပ်မတော်နဲ့ မြန်မာအစိုးရကို တောင်းဆိုနေချိန်မှာ ပြည်နယ်အစိုးရရဲ့ ဖြေဆိုချက်တွေက တပ်မတော်နဲ့ တစ်သားတည်းဖြစ်သွားသလိုလည်း ပြည်သူတွေဘက်က ခံစားလိုက်ရလို့ပါ။

ဒါ့အပြင် နေစရာအိမ်နဲ့ ခိုင်းစရာကျွဲနွားတွေ စွန့်လွှတ်ပြီး ထွက်ပြေးလာရတဲ့ တချို့စစ်ရှောင်တွေကို နေရပ်ပြန်ဖို့နဲ့ ပတ်သက်ပြီး ပြောခဲ့တဲ့ စကားတွေမှာလည်း ပြန်လည်ထူထောင်ရေးအတွက် ကူညီဆောင်ရွက်မယ့်ဘက်ကို ဦးမတည်ဘဲ ဒုက္ခသည်စခန်းပပျောက်ရေးကို ဦးတည်နေသလိုဖြစ်ခဲ့ပါတယ်။ ဒုက္ခသည်တွေဟာ မည်သူမည်ဝါ ဖြစ်တယ်လို့ ယူဆစေဦးတော့ သူတို့ဟာ နိုင်ငံသားများ/ ကချင်ပြည်နယ်အစိုးရရဲ့ သားသမီးများသာဖြစ်လို့ သူတို့အိမ်ပြန်ရဲအောင် သူတို့စိတ် လုံခြုံမှုရှိအောင် အရင်မဖန်တီးဖို့ အချိန်လိုအပ်ဦးမှာပါ။

ပြီးခဲ့တဲ့ဖြစ်စဉ်တွေမှာ ပြည်နယ်အစိုးရရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွေကို ကြည့်ရင် ဆန္ဒပြအဖွဲ့တွေကို ကိုင်တွယ်မှုညင်သာခဲ့သလောက် ဆန္ဒပြပြည်သူတွေ တောင်းဆိုချက်ကို ဆောင်ရွက်တဲ့နေရာမှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ကြီးတွေက လက်ရှောင်နေပြီး ကိုယ်စားဖြေဆိုချက်တွေက အာဏာရှင်အငွေ့အသက်ကို ရရှိလိုက်ကြပါတယ်။

ပြည်သူ့အကျိုးကို အလေးအပေးရဆုံးနေရာမှာ ပြည်သူ့သဘောထားမပါဘဲ ခန့်အပ်ခဲ့ခြင်းရဲ့ရလဒ်က ရှေ့ဆက်ကောင်းလာနိုင်ပါ့မလားဆိုတာ မေးခွန်းထုတ်နေစရာလိုမယ် မထင်ပါဘူး။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၁၈ - မေ ၂၄၊ ၂၀၁၈ )

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏စကားက ကေအိုင်အေကိုခြောက်လှန့်နေခြင်းဖြစ်သည်ဟု ကေအိုင်အိုပြော

Salai ရေးသားသည်

ကချင်လွတ်မြောက်ရေးအဖွဲ့(KIO/KIA) အနေဖြင့် NCA လမ်းကြောင်းပေါ် တက်မလာလျှင် နိုင်ငံတော်အစိုးရကို တော်လှန်ပုန်ကန်နေသူများအဖြစ်သတ်မှတ်ကာ အစွမ်းကုန်ရှင်းလင်းမည်ဟု မပခ တိုင်းမှူးပြောဆိုခြင်းမှာ ၎င်းတို့ကို ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း KIO သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကပြောသည်။

မေလ ၁၁ ရက်နေ့က ကချင်ပြည်နယ်တွင် ရောက်ရှိနေသည့် ပြည်တွင်းမီဒီယာ MRTV,MITV, ပြည်ပမီဒီယာ NHK, Xinghua တို့မှ သတင်းထောက်များနှင့် မြောက်ပိုင်းတိုင်းစစ်ဌာချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်တို့ တွေ့ဆုံစဉ်က KIO/KIA အနေဖြင့် NCA လမ်းကြောင်းသို့ တက်မလာလျှင် အစွမ်းကုန်ရှင်းမည်ဟု တိုင်းမှူး၏ ပြောကြားချက်ကို ဗိုလ်မှူးကြီးနော်ဘူက ပြန်လည်ပြောကြားခြင်းဖြစ်သည်။

တိုင်းမှူး၏ ပြောကြားချက်တွင် "ကျွန်တော်တို့ကတော့ ပြောထားပြီးသား၊ ဒီနေရာကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်မယ်။ ဒီတော့ ဒါကိုတားဆီးနေတဲ့ ဥစ္စာဆိုရင်တော့ ဖယ်ထုတ်ရမှာပဲ။ ပုံမှန်အတိုင်းဖြစ်လာဖို့ KIA က NCA လမ်းကြောင်းပေါ်တက်လာမှပဲရမယ်။ တက်မလာဘူးဆိုရင် နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပုန်ကန်နေသူတွေအဖြစ် သတ်မှတ်ပြီး အစွမ်းကုန်ရှင်းမှာပဲ"ဟု ပြန်ကြားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော MOI Webportal Myanmar တွင် ရေးသားဖော်ပြခဲ့သည်။



ကေအိုင်အေ တပ်သားများ

ဓါတ်ပုံ - Salai

ထိုသို့ ပြောဆိုမှုအပေါ် KIO/KIA မှ ဗိုလ်မှူးကြီးနော်ဘူက "အသုံးမကျတဲ့စကားဖြစ်တယ်။ ကျွန်တော်တို့ကို ခြောက်စားတဲ့စကားဖြစ်တယ်။ ကေအိုင်အိုကလည်း NCA လက်မှတ်ထိုးဖို့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့က အချိန်မရွေးပဲ။ Ready ပဲ ဆိုတဲ့စကားကို အချိန်တိုင်းပြောနေတာဖြစ်တယ်"ဟုပြောသည်။

ထို့အပြင် NCA လက်မှတ်ထိုးရေးကိစ္စသည် မိမိတို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အားလုံး မပါဝင်သည့်အတွက် လက်မှတ်ထိုးရန် မသင့်တော်ဟုလည်း ဗိုလ်မှူးကြီးနော်ဘူ ရှင်းပြပြောဆိုသည်။

'သူတို့က အားလုံးပါဝင်ရေးမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က လက်မှတ်ထိုးဖို့မဖြစ်တော့ဘူး။ ဒါကြောင့် တပ်မတော်အနေနဲ့လည်း NCA မှာ အားလုံးပါဝင်ရေးဆိုရင် ကေအိုင်အိုကလည်း စဉ်းစားဖို့ရှိတယ်"ဟု ၎င်းကပြောသည်။

အားလုံးပါဝင်ရေးဟုဆိုသော်လည်း ပလောင်၊ ကိုးကန့်၊ AA အဖွဲ့တို့ကို NCA လက်မှတ်ထိုးမည့်နေရာတွင် မပါဝင်ခိုင်းကြောင်း၊ ယင်းအဖွဲ့များနှင့်မိမိတို့မှာ နယ်နမိတ်ချင်း ဆက်စပ်နေသည့်အတွက် ကေအိုင်အိုအနေဖြင့် NCA လက်မှတ်မထိုးခြင်းဖြစ်ကြောင်းလည်း ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

'ကေအိုင်အိုတွေ NCA ထိုးရင်လည်း သူတို့မထိုးဘူးဆိုရင် ကျွန်တော်တို့နယ်မြေမှာကစစ်ပွဲတွေက ဖြစ်နေမှာပဲ။ ဒါကြောင့် အားလုံးပါဝင်ရေးဆိုတာက ဒါပဲ။ အားလုံးမပါဝင်နိုင်ရင်တော့ NCA ထိုးရင်လည်း အလကားပဲလေ. . ဒါကြောင့် ကေအိုင်အိုက NCA လက်မှတ်ထိုးဖို့ စိတ်ညစ်သွားတာဖြစ်တယ်"ဟု ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့သည် ကချင်ပြည်နယ်မြို့နယ် ၁၀ မြို့နယ်ကျော်ခန့်အတွင်း တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး ပြန်လည်ဖြစ်ပွားလာသည့် တိုက်ပွဲများကြောင့် အသစ်ထပ်မံ တိမ်းရှောင်ရသည့် စစ်ရှောင်ပြည်သူ ၅၀၀၀ ကျော်ရှိနေသည်။

တိုက်ပွဲများရပ်တန့်ရေးနှင့် NCA ကိစ္စများအတွက် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျှင် ရလဒ်ကောင်းများထွက်ပေါ်လာနိုင်မည်ဟု ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

"အချင်းချင်းဆွေးနွေးဖို့လိုတယ်။ KIA နှင့် တပ်မတော်နဲ့ ဟိုတလောကလည်း တွေ့ဆုံဆွေးနွေးသေးတယ်။ ဒါပေမဲ့ အဖြေကောင်းမရဘူး။ ထပ်ပြီး တွေ့ဆုံဆွေးနွေးစေချင်တယ်။ တစ်ဖက်နဲ့တစ်ဖက်သဘောထားကို အပြင်မှာပြောတာထက် ဆွေးနွေးပွဲဝိုင်းမှာ အပြန်အလှန်ပြောဆိုပြီး သဘောတူညီမှုရရှိအောင် သူတို့ လုပ်သင့်တယ်ဗျ။ အဲလိုဆို အဖြေကောင်းရနိုင်မယ်ထင်တယ်။ ဒီအတိုင်းပဲ အပြင်မှာပြောပြီး တိုက်ပွဲတွေပဲဖြစ်နေမယ်ဆိုရင်တော့ ခက်ခဲမှာပဲ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ကချင်အမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက ကေအိုင်အေအနေဖြင့် လက်ရှိနိုင်ငံရေးအပြောင်းအလဲအနေအထားတွင် NCA လမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားရန်တိုက်တွန်းလိုသည်ဟု သုံးသပ်ပြောဆိုသည်။

"နိုင်ငံရေးအနေအထားအပြောင်းအလဲအရဆိုရင် NCA ကိုလုပ်သင့်တယ်။ တရုတ်ကလည်း OBOR ကိုအကောင်အထည်ဖော်ဖို့ နံပါတ်၆ စကြံန်က ကချင်ပြည်နယ်ကို ဖြတ်နေပြီ. . . လီဒိုလမ်းမက။ အဲဒီအနေအထားအရ တရုတ်ရယ် အစိုးရရယ် တပ်မတော်ရယ်က တစ်ပေါင်းတည်းဖြစ်နေတယ်။ အစက တရုတ်က ကချင် EAO (Ethnics Armed Organization) ဘက်ကိုရော နှစ်ဖက်ခွကစားထားတယ်၊ အခုက ခွဖို့အားနည်းသွားပြီ၊ ၈၀-၂၀ ပဲရှိတော့တယ်၊ အစကတစ်ဝက်စီ"ဟု ဒေါက်တာ M ကောန်လက ထောက်ပြပြောဆိုသည်။

ထို့အပြင် နိုင်ငံရေးအနေအထားအရ ၂၀၁၅ မှ ၂၀၁၈ သုံးနှစ်တာကာလတွင် များစွာပြောင်းလဲနေ၍ လက်ရှိအနေအထားအတိုင်းဆက်သွားမည်ဆိုလျှင် IDPs အရေအတွက် တိုးလာခြင်းနှင့် နယ်မြေဆုံးရှုံးမှုပိုများလာနိုင်ခြင်းတို့ကို ရင်ဆိုင်ရနိုင်သည်ဟုလည်း သူ၏အမြင်ကို ရှင်းပြပြောဆိုခဲ့သည်။

"ကိုယ်ကမထိုးဘဲ နေလိုက်တဲ့ဟာက ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိမလဲ။ ဘယ်လောက် ကြံ့ကြံ့ခံနိုင်သလဲ။ ထိုးပြီးရင် လူထုကဘယ်လောက်အထိ သက်တောင့်သက်သာဖြစ်သွားနိုင်မလဲ။ နိုင်ငံရေးအနေအထားတွေလေ့လာသုံးသပ်ရသလောက်တော့ ၂၀၁၈ အနေအထားက UNFC ကပြိုကွဲသွားပြီ။ နှစ်ဖွဲ့ပဲကျန်တယ်။ အများက ဝင် - ပြင်အနေအထားကို လက်ခံပြီးသွားနေကြပြီ။ KIO ကိုတိုက်တွန်းချင်တာက ဝင်ပြီးပြင်ခိုင်းစေချင်တယ်။ တခြားအားနဲ့ပေါင်းပြီးတော့ အခုစစ်ပွဲတွေမှာ အနေအထားမကောင်းလို့ လုပ်ခိုင်းတာ မဟုတ်ဘူး။ နိုင်ငံရေးအနေအထားအရအားလုံးပြန်သုံးသပ်ရင် ကမ္ဘာ့အနေအထားအရကြည့်မယ်ဆိုရင် ဒီထဲမှာအလုပ်လုပ်ရမယ်၊ မဟုတ်ရင် နစ်နာစရာတွေပိုဆိုးတယ်လေ"ဟုလည်း ဒေါက်တာMကောန်လက ပြောဆိုခဲ့သည်။

ထို့အပြင် အစိုးရနှင့်တပ်မတော်ဘက်ကိုလည်း ဖက်ဒရယ်ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေးအတွက် အမှန်တကယ်ရည်မှန်းပြီး လုပ်ဆောင်နေရိုးမှန်လျှင် အတိုးအလျှော့အနေအထားမျိုးဖြင့် လုပ်ဆောင်ရန် လိုအပ်သည်ဟုလည်း ၎င်းက ဝေဖန်ခဲ့သည်။

"အသာစီးရတယ်လို့ ယူဆရတယ်။ အစိုးရနဲ့တပ်မတော်ကလည်း ရေရှည်အတွက်ကြည့်ပြီးမှ ဖြေလျှော့ပေးရမယ်။ အဲဒီအပေါ်မှာ မောက်မာနေရင်တော့ အဆင်မပြေဘူး ။ နောက်ဆုံးမှာ လူမျိုးရေးစစ်ပွဲ ဖြစ်လာနိုင်တယ်။ အဲဒါတော့သတိပေးချင်တယ်။ အတိုးအလျှော့လုပ်ရမယ်" ဟု ဆိုသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံအစည်းအဝေး)ကို လာမည့် မေလနောက်ဆုံးအပတ်တွင် တတိယအကြိမ်ပြန်လည်ကျင်းပရန် လျာထားခဲ့ပြီးနောက် ကချင်ပြည်နယ်နေရာအနှံ့တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သဖြင့် ထိုသို့ရုတ်တရက်ပြန်လည်ဖြစ်ပေါ်မှုက အစိုးရ၏ ပါဝင်ပတ်သက်မှုရှိနိုင်ကြောင်းနှင့် ကေအိုင်အိုကို ၂၁ ရာစုပင်လုံသို့တက်ရောက်ရန် တွန်းအားပေးနေခြင်းဖြစ်နိုင်ကြောင်းလည်း ဒေါက်တာ M ကောန်လက သုံးသပ်ထားသည်။

# ကချင်ပြည်နယ်အတွင်းတပ်မတော်၏ စစ်ရေးနှင့် ပတ်သက်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော် နှင့် မီဒီယာအချို့တွေ့ဆုံ



မေ ၁၂

**ကချင်ပြည်နယ်အတွင်း တပ်မတော်၏ စစ်ဆင်ရေး လုပ်ခဲ့ရသည့်အကြောင်းနှင့် နေရပ်ခေတ္တစွန့်ခွာနေကြသူများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို သတင်းမီဒီယာအဖွဲ့ မေးမြန်းသတင်းယူ**

ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် သတင်းမီဒီယာအဖွဲ့သည် မေ ၁၁ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်အား သွားရောက်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း စစ်ဆင်ရေးလုပ်ခဲ့ရသည့် အကြောင်းရင်း၊ တပ်မတော်၏သဘောထားနှင့် နေရပ်ကိုခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့ကို မေးမြန်းခဲ့သည်။

## နယ်မြေရှင်းလင်းမှုလုပ်

တိုင်းမှူးက "နယ်မြေအတွင်းမှာ ကျွန်တော်တို့စစ်ဆင်ရေးဆောင်ရွက်တယ်၊ ပုံမှန်အားဖြင့် စစ်ဆင်ရေးကနယ်မြေထိန်းသိမ်းတဲ့ သဘောအနေအထားနဲ့ ရှင်းတာပါ၊ KIA အနေနဲ့တနိုင်းဘက်မှာ ကျွန်တော်တို့ ပုံမှန်အုပ်ချုပ်မှုလုပ်နေတဲ့တပ်ကို ခြောင်းမြောင်းတိုက်ခိုက်ခဲ့တဲ့အတွက် ကျွန်တော်တို့စစ်သည်တွေ ထိခိုက်ဒဏ်ရာရလာတာတွေရှိလာလို့ ကျွန်တော်တို့ နယ်မြေရှင်းလင်းမှုလုပ်ပါတယ်၊ အလားတူကဆုန့်ဘက်မှာလည်း နမ္မတီး၊ မိုးကောင်း၊မိုးညှင်းဘက်နေရာတွေမှာဝင်ပြီးတော့ သူတို့တွေ ဆက်ကြေးကောက်တယ်၊ လူတွေအတင်း အဓမ္မဖမ်းဆီးတယ်၊ တိုက်ခိုက်မှုအားလုံးက KIA အဖွဲ့အနေနဲ့ စတင်ပြီး တိုက်ခိုက်လို့ ကျွန်တော်တို့က တုံ့ပြန်ပြီး ရှင်းလင်းတာဖြစ်ပါတယ်။ စစ်ရဲ့သဘော သဘာဝက ပြန်လည်မတုံ့ပြန်နိုင်အောင် အတွင်းထဲအထိ ရှင်းလင်းရတာရှိပါတယ်၊ ရှင်းလင်းတဲ့အခါမှာ အရပ်သားတွေ ထိခိုက်ဒဏ်ရာရတယ်ဆိုပြီး ပြောတာတွေရှိပါတယ်၊ အောင်လော့ဒ်မှာ ရွာသားတစ်ယောက်သေတယ်ဆိုပြီး ပြောတယ်။ တကယ်တမ်းကျတော့ သေတယ်ဆိုတဲ့သူဟာ တပ်မဟာစခန်း(၂)ထဲမှာရှိနေသူဖြစ်ပါတယ်။ တိုက်ပွဲတွေ ဖြစ်နေပါတယ်ဆိုတာကို လက်နက်ကိုင်အဖွဲ့နဲ့အတူ တပ်မဟာ(၂)ထဲမှာသွားနေတော့ ရွာသားလား၊ တစ်ဖက်အဖွဲ့အစည်းလားဆိုတဲ့ အဖြေကရှင်းနေပါတယ်"ဟု ပြောကြားသည်။

## အရေးယူခံရမည်ဖြစ်

KIAအဖွဲ့သည် ဘာသာရေးအဖွဲ့အစည်းအချို့နှင့် ဆက်နွယ်မှုရှိနေပြီး တပ်မတော်အနေဖြင့် သက်သေအထောက်အထားများရှိကြောင်း၊ နောင်အခါတွင် တရားဥပဒေပုဒ်မ ၁၇/၁ နှင့် အရေးယူခံရမည်ဖြစ်ကြောင်း တိုင်းမှူးက ပြောကြားသည်။

"အချို့သော ဘာသာရေးအဖွဲ့ပေါ့၊ သူတို့ဝင်လာရင် ရွာသားတွေ မလုပ်ရဲ၊ မကိုင်ရဲ၊ မပြောရဲ၊မဆိုရဲဖြစ်တာတွေကျွန်တော်တို့ တွေ့ရတယ်၊ ဥပမာ-အောင်လော့ဒ်ဆိုရင် ရွာသားတွေဝင်လာပြီးတော့ တနိုင်းကို သတင်းပို့တယ်၊ အောင်လော့ဒ်မှာ ပျက်စီးမှုမရှိဘူးဆိုတာ အခုရောက်ခဲ့တဲ့ သတင်းသမားတွေ အသိပဲ၊ ဖျက်ဆီးထားတာလည်းမရှိဘူး၊တိုက်ပွဲဖြစ်တဲ့အခါမှာတောင် ကျွန်တော်တို့က ရွာထဲကိုလုံးဝမပစ်ဘဲ ရန်သူ့နယ်မြေနဲ့စခန်းကိုပဲကန့်သတ်ပြီးပစ်တာ၊ ဘာမှပျက်စီးတာမရှိတဲ့အတွက် တနိုင်းက RC ဘုန်းတော်ကြီးက သူတို့ကိုယ်တိုင် လိုက်မယ်၊ ရွာသားတွေနေရအောင် လုပ်ပေးပါမယ်ဆိုပြီး သူတို့ပါ ပူးပေါင်းဆောင် ရွက်တာတွေ့ရတယ်၊ ဒါပေမဲ့ နောက်ထပ်ဘာသာရေးအဖွဲ့တစ်ဖွဲ့ ထပ်ဝင်လာတော့ ကျေးရွာသူ၊ ကျေးရွာသားတွေက မလိုက်တော့ဘူး၊ ဒါနဲ့ရွာသားတွေ အမှန်တကယ်နေလို့ရ၊ မရ ပြည်နယ်အစိုးအရအဖွဲ့က သွားကြည့်တဲ့အခါလမ်းမှာပြည်နယ်အစိုးရ အဖွဲ့ကားကို သေနတ်နဲ့ပစ်တယ်၊ ပစ်ပြီးသွားတဲ့အခါမှာ သူမပစ်ပါဘူးငြင်းတယ်။ KIA ရဲ့ ရည်ရွယ်ချက်က ဒုက္ခသည်တွေ များလာတယ်၊ လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုတာမျိုးကို ဦးတည်နေတယ်"ဟု ပြောသည်။

တိုင်းမှူးက စစ်ဆင်ရေးကာလအတွင်းမှာ လေကြောင်းတိုက်ခိုက်မှုရှိခဲ့သလား။ ရှိခဲ့ရင် ဘယ်နှကြိမ်ရှိခဲ့သလဲ မေးမြန်းချက်နှင့်ပတ်သက်၍ ဖြေကြားရာတွင် "တိုက်တဲ့အခါကျရင် ရန်သူဆိုမှတော့ ကျွန်တော်တို့ ပေါ့ပေါ့ပါးပါးလေး တိုက်တာ မရှိဘူး၊ စစ်ရဲ့သဘောသဘာဝကိုက ရန်သူကို သာလွန်တဲ့အင်အားနဲ့ တိုက်ရမယ်၊ ဒါမှသာ ကျွန်တော်တို့လူတွေအထိအခိုက်နည်းမယ်၊ အကြိမ်အရေအတွက်ကတော့ တိုက်ခိုက်ခဲ့တာတွေ ဖြစ်တဲ့အတွက် ပြောစရာမရှိပါဘူး။ လေကြောင်းတိုက်ခိုက်မှု အားလုံးသည် နည်းပညာနဲ့ဆိုင်တဲ့ အချက်အလက်တွေသုံးပြီး ကျွန်တော်တို့ကစခန်းကဘယ်မှာ ရှိတယ်၊ ရန်သူက ဘယ်မှာရှိတယ်၊ရွာက ဘယ်နေရာဆိုတာကို အကုန်ခွဲခြားထားပြီးသားဖြစ်ပါတယ်၊ တိုက်ခိုက်မှုမှန်သမျှသည် ရန်သူ့စခန်းတည့်တည့်ကိုသာ အတိအကျတိုက်ခဲ့တာ ဖြစ်တယ်၊ ရွာတွေကို ကျွန်တော်တို့ အကုန်ရှောင်တယ်၊ ရန်သူလား၊ ကျေးရွာလားမသေချာရင် ကျွန်တော်တို့ လုံးဝမပစ်ဘူး၊ ရန်သူရှိနိုင်တယ်ဆိုပြီး ကျွန်တော်တို့ လုံးဝမပစ်ဘူး၊ သေချာမှ တိုက်တယ်၊ မသေချာရင် လုံးဝမတိုက်ဘူး" ဟု ဖြေကြားသည်။

## တရားဥပဒေစိုးမိုးမှု ရှိကိုရှိရမယ်

ဆက်လက်၍ "အောင်လော့ဒ်ကျေးရွာကို သတင်းသမားတွေ ရောက်ခဲ့တာပဲ၊ မြေပြင်အနေအထားလည်းတွေ့ခဲ့တာပဲ၊ တကယ်တော့ အောင်လော့ဒ်ဟာ ပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှု အာဏာအတွင်းမှာ လုံးဝမရှိဘူး၊ အခုဆိုရင် တွေ့လိမ့်မယ်၊ KIA တရားစီရင်တဲ့ တရားရုံးတို့၊ ပညာရေးရုံးတို့၊ ဒါမျိုးတွေနဲ့ သွားတယ်၊ ကျွန်တော်တို့ မူလရည်ရွယ်ချက်က နိုင်ငံတော်အတွင်းမှာ တည်ငြိမ်အေးချမ်းဖို့၊ တရားဥပဒေစိုးမိုးမှုရှိဖို့တို့ရှိရမယ်၊နိုင်ငံတော်အစိုးရရဲ့ အာဏာစက်ဟာ သက်ရောက်ရမယ်၊ အောင်လော့ဒ်မရောက်ခင် ဖြတ်သွားတဲ့နေရာတွေမှာ ညောင်ရမ်းစခန်းကို တွေ့ရမယ်၊ ဒါတွေကို ကျွန်တော်တို့တိုက်ခဲ့တာ၊ KIA တပ်ရင်းဌာနချုပ်နားမှာနေမှတော့ ဆွေမျိုးတွေဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမဲ့ ဆွေမျိုးတွေဖြစ်လို့ဆိုပြီး ကျွန်တော်တို့ မတိုက်ဘူး၊ အိမ်တွေ ဒီအတိုင်းရှိတယ်၊ ဒါပေမဲ့ သူတို့ကိုဆွဲခေါ်သွားတယ်။ ၂၀၀ လောက်ပြန်ရောက်လာ "ကျွန်တော်တို့ ဒီမှာခေါ်ပါတယ်၊ အကူအညီတွေပေးမယ်၊ နေရာထိုင်ခင်းတွေ လုပ်ပေးမယ်၊ ရွာမပျက်ပါဘူးလို့ ပြောတာတောင် မလာဘူး၊ ကျွန်တော်ပြောတဲ့ထဲမှာမပါတဲ့လူတွေ ပြန်ရောက်လာကြတယ်၊ လူဦးရေ ၂၀၀ လောက် ပြန်ရောက်လာကြတယ်။

"ကျွန်တော်တို့ကတော့ ပြောထားပြီးသား၊ ဒီနေရာကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်မယ်၊ ဒီတော့ဒါကို တားဆီးနေတဲ့ ဥစ္စာဆိုရင်တော့ ဖယ်ထုတ်ရမှာပဲ၊ ပုံမှန် အတိုင်းဖြစ်လာဖို့ KIAကNCAလမ်းကြောင်းပေါ်တက်လာမှပဲရမယ်၊ တက်မလာဘူးဆိုရင် နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပုန်ကန်နေသူတွေအဖြစ် သတ်မှတ်ပြီး အစွမ်းကုန်ရှင်းမှာပဲ။ အစွမ်းကုန်စောင့်ကြည့်နေ "အရင်ကလည်း သူတို့အခက်အခဲတွေရှိရင် မြို့ပေါ်လာပြီး ဒုက္ခပေးတာတွေရှိတယ်၊ ဥပမာ လားရှိုးလိုနေရာမျိုးပေါ့၊ ဗုံးဖောက်ခွဲမှုတွေရှိတယ်၊ ကျွန်တော်တို့ဘက်ကတော့ အဖျက်အမှောင့် လုပ်လို့မရအောင် ပြည်နယ်ရဲ့တပ်ဖွဲ့နဲ့ ပူးပေါင်းပြီး အစွမ်းကုန် ဆောင်ရွက်နေတယ်၊ ရန်သူကတော့ ချို(ဂျို)ပါတာမဟုတ်တော့ ကျွန်တော်တို့လည်း သေသေချာချာမသိဘူး၊ လုပ်ချင်လည်း လုပ်နိုင်တယ်၊ ဒါမှမဟုတ်အခြေအနေစောင့်ကြည့်နေတာလည်း ဖြစ်နိုင်တယ်၊ မဖြစ်အောင်တော့ ကျွန်တော်တို့ အစွမ်းကုန်စောင့်ကြည့်နေတယ်။

## ဥပဒေက တစ်ခုပဲရှိ

"တိုက်ပွဲရှောင် ရွာသားတွေသည် KIA နဲ့ ဆက်နွယ်မှုမရှိရင် သူတို့ကို ဘာမှ ကျွန်တော်တို့ မလုပ်ဘူး၊ KIA ကို သတင်းပေးနေမယ်၊ ဒါမှမဟုတ် KIA က ရွာသားအယောင်ဆောင်မယ်၊ မြို့ပေါ်တက်လာမယ်၊ သတင်းပေးမယ်၊ ဒါကို သိရင်တော့ ကျွန်တော်တို့အရေးယူမယ်၊ တချို့ဘာသာရေးအဖွဲ့တွေ ရှိတယ်။ KIA ဆီသွားတွေ့တယ်၊ ပြီးရင်ပြန်လာတယ်၊ ရည်ရွယ်ချက်နဲ့သွားတာ၊ သူတို့ ပြောတာတွေမှာလည်းရည်ရွယ်ချက်တွေပါတယ်၊ ဒီလိုဆိုရင်တော့ ကျွန်တော်တို့ အရေးယူမယ်၊ နိုင်ငံတော်မှာ ဥပဒေကတစ်ခုပဲရှိတယ်၊စစ်သားပဲဖြစ်ဖြစ်၊ အရပ်သားပဲဖြစ်ဖြစ်၊ ဘာသာရေးအဖွဲ့အစည်းပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ဥပဒေကို လိုက်နာရမယ်၊ ကျွန်တော်တို့ တပ်မတော်သည်လည်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဥပဒေတွေကိုမလိုက်နာရင် အရေးယူခံရတာပဲ။ နိုင်ငံတော်ရဲ့ ဥပဒေကော၊ စစ်ဘက်ဆိုင်ရာ ဥပဒေကော နှစ်မျိုးစလုံးနဲ့ ပြင်းပြင်းထန်ထန်အရေးယူတယ်၊ နိုင်ငံသားဖြစ်ရင် ဥပဒေကို လိုက်နာရမယ်ဆိုတာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အတူတူပဲ။ "ပိတ်မိနေတယ်ဆိုတဲ့သူတွေသည် KIA ကနေ အတင်းအဓမ္မခေါ်ထားတဲ့ သူတို့ရဲ့လူတွေပဲ ဖြစ်ပါတယ်။ ကျန်တဲ့ ရွာသူရွာသား ဒေသခံက သူ့နေရပ်မှာ အေးချမ်းရင်လာနေမယ်၊ နေလို့မရရင် တခြားတစ်နေရာမှာ ခဏနေမယ်၊ ပြီးလို့ကိုယ့် နေရပ်ကိုယ်ပြန်နေလို့ရရင် နေမယ်ဆိုတဲ့သူတွေပဲရှိပါတယ်" ဟု တိုင်းမှူးဗိုလ်ချုပ်တေဇကျော်က ဖြေကြားသည်။

MOI Webportal Myanmar

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( မေ ၁၈ - မေ ၂၄၊ ၂၀၁၈ )

# လျစ်လျူရှုခံထားရသော ကချင်ပြည်နယ်စစ်ပွဲ

ရာပြည့်
ဘာသာပြန်သည်

နေထိုင်ရာရွာအနီးမှ သေနတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည့် ထန်ဆိုင်းသည် အဘွားဖြစ်သူကိုကျောပိုး၍ တိုက်ပွဲမှဝေးရာသို့ တိမ်းရှောင်ထွက်ခွာမည်လား၊ အခြားသူများထံ အပြေးသွား၍ အကူအညီတောင်းခံရမည်လား၊ တစ်စုံတစ်ခုကို ရွေးချယ်ရန် ဖြစ်လာခဲ့သည်။ အဘွားဖြစ်သူက သူ့အားသတ်လျှင်လည်းသတ်၊ ဤနေရာတွင်ပင် ထားရစ်လျှင်လည်း ထားရစ်ခဲ့ရန် ပြောလာသော်လည်း ထန်ဆိုင်းက ငြင်းပယ်လိုက်သည်။


ဓါတ်ပုံ - Zau Ring Hpra (The Kachin Times)

ထန်ဆိုင်းသည် အဘွားဖြစ်သူ “ဆွမ်ပရာခွမ်ဘူ”ကို ချီပိုး၍ သူ့ရွာမှထွက်ကာစစ်ဘေးရှောင်သူတို့အတွက် ဖြစ်ကတက်ဆန်းဆောက်လုပ်ထားသော စခန်းတစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်။ ထိုစခန်းတွင် သူတို့၏ မိသားစုနှင့်အတူ နေထိုင်ကြသည်။ ထန်ဆိုင်း၏အဘွားဖြစ်သူသည် သူ၏ဘဝတစ်လျှောက်၌ ပဋိပက္ခဖြစ်ရာအရပ်မှ ထွက်ပြေးတိမ်းရှောင်ရသည်မှာ ငါးကြိမ်မျှရှိခဲ့ပြီဖြစ်ပြီး စခန်းသို့ရောက်ရှိစ နှစ်ရက်ခန့်တွင် စကားပင်မပြောနိုင်ခဲ့ကြပေ။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ဤစစ်ပွဲသည် ဘင်္ဂါလီ(မူရင်းဆောင်းပါးတွင် ရိုဟင်ဂျာဟုဖော်ပြထား)ပြဿနာနှင့် အလားတူသော်လည်း ထန်ဆိုင်းနှင့်သူ၏အဖွားဖြစ်သူတို့မှာ ဘင်္ဂါလီဒုက္ခသည်များ မဟုတ်ကြပေ။ သူတို့ကား ခရစ်ယာန်ဘာသာဝင်လူနည်းစုအစုအဖွဲ့နှင့် အစိုးရလက်နက်ကိုင်တပ်ဖွဲ့များအကြား အကြီးအကျယ်ဖြစ်ပွားလျက်ရှိသည့် ကြမ်းတမ်းရက်စက်သော်လည်း ကျယ်ပြန့်စွာ မသိရှိကြသေးသောလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရာ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် နေထိုင်သူများဖြစ်ကြသည်။

## မေ့လျော့ခံစစ်ပွဲ

လူဦးရေအားဖြင့် ၁. ၆သန်းခန့်ရှိသော ကချင်လူမျိုးတို့သည် တရုတ်နိုင်ငံနယ်စပ်အနီးရှိ မြန်မာနိုင်ငံမြောက်ပိုင်းတောင်တန်းဒေသများ၌ ငြိမ်းချမ်းစွာနေထိုင်လာခဲ့ကြသည်မှာ ရာစုနှစ်များနှင့်ချီ၍ပင် ရှိခဲ့ပေပြီ။ ၁၉၄၈ ခုနှစ်တွင်ဗြိတိသျှတို့ထံမှ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် ကချင်လူမျိုးတို့အား တန်းတူညီမျှမှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးတို့ကို ကတိကဝတ်ပြုခဲ့ကြသည်။ သို့ရာတွင် ၁၉၆၂ ခုနှစ်၌ နိုင်ငံတော်အာဏာကို တပ်မတော်က ရယူချုပ်ကိုင်ခဲ့ပြီးနောက် ပဋိပက္ခများဖြစ်ပွားလာခဲ့ကာ ကချင်မြေကို ကာကွယ်ရန်အတွက် ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independencef Army- KIA) ကို ထူထောင်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရက နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်၌ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကချင်စစ်ပွဲများကို ရပ်တန့်စေလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် အခြေအနေမှာ ဘင်္ဂါလီပြဿနာနှင့်အတူ ပို၍သာ ဆိုးရွားလာခဲ့ရသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ အရပ်သားတစ်ပိုင်းအစိုးရနှင့် လက်နက်ကိုင် အစုအဖွဲ့ရှစ်ဖွဲ့တို့အကြား ညှိနှိုင်းချုပ်ဆိုခဲ့ကြသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြရန် လက်နက်ကိုင်အစုအဖွဲ့များအား ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုခဲ့သည်။ သို့ရာတွင် ကချင်ကျေးရွာများကို တပ်မတော်ကဗုံးကြဲတိုက်ခိုက်နေချိန်၌ ကေအိုင်အေက ယင်းတို့၏လက်နက်များကို စွန့်လွှတ်လိုခြင်းမရှိခဲ့ကြပေ။

“ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ကချင်ပြည်နယ်၌ မိမိတို့မြင်တွေ့နေရသည်များမှာ လုံးဝလက်ခံနိုင်ဖွယ်ရာမရှိဘဲ ချက်ချင်းလက်ငင်း ရပ်တန့်ပစ်ရမည်ဖြစ်ကြောင်း” ကုလသမဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိစ္စကျွမ်းကျင်သူ Yanghee Lee က ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြောကြားသွားခဲ့သည်။ “အပြစ်မဲ့အရပ်သားများ သေကြေ ဒဏ်ရာရမှုများရှိနေပြီး ရာနှင့်ချီသော မိသားစုများမှာ အသက်ဘေးအတွက် ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း”လည်း Yanhee Lee က ပြောကြားသွားခဲ့သည်။

ကချင်လူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ “ဂျာဆိုင်းခွန်မရန်”ကလည်း မိမိတို့အမြင်အရ ယနေ့ခေတ် တိုင်းရင်းသားလူမျိုးစုအားလုံးမှာ ရှင်သန်ရပ်တည်နိုင်ရုံမျှသာရှိကြောင်း၊ ယင်းတို့သည် ကိုယ့်မြေကို ကိုယ်ကာကွယ်စောင့်ရှောက်ရင်းဖြင့် လူ့အခွင့်အရေးကို မျှဝေခံစားရန် ကြိုးစားနေကြောင်း ပြောကြားခဲ့သည်။

လူ့အခွင့်အရေးအဖွဲ့အစည်းများကလည်း ထိုအချက်ကို လက်ခံကြသည်။ “မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် မြန်မာတပ်မတော်၏ သေနတ်ပြောင်းစေစားရာအတိုင်းဖြစ်နေကြောင်း၊ ဤသည်မှာ တိုင်းရင်းသားလူမျိုးစုတို့၏ ငြိမ်းချမ်းရေးကို အကြမ်းဖက်ထိန်းသိမ်းမှုပင် ဖြစ်ကြောင်း” Fortify Rights အဖွဲ့မှ မြန်မာနိုင်ငံလူ့အခွင့်အရေးကိစ္စဆိုင်ရာကျွမ်းကျင်သူ David Baulk ကပြောကြားသည်။

ထိုသို့ ငြိမ်းချမ်းရေးကိုအကြမ်းဖက်ထိန်းသိမ်းခြင်းသည် ကချင်ပြည်နယ်အတွင်း မြင့်တက်လာလျက်ရှိသည့် ဧပြီလမှစတင်၍ ကျေးလက်ဒေသခံပြည်သူ ၆၈၀၀ ကျော်တို့သည် မော်တာနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့မှ လွတ်ကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ကြရန် ဖိအားပေးခြင်း ခံခဲ့ကြရသည်။ ထိုအရေအတွက်က ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းကပင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော ကချင်လူမျိုး ၁၃၀,၀၀၀ ခန့်ကို ထပ်ဆောင်းတိုးပွားစေခဲ့သည်။ အများအပြားသော စစ်ဘေးရှောင်တို့မှာ တောထဲတွင် သောင်တင်နေကြရပြီး တိုက်ပွဲဖြစ်ပွားရာဒေသများအတွင်း ပိတ်မိနေသူများလည်း အများအပြားပင်။ လတ်တလောအချိန်၌ တောတွင်းပိတ်မိနေသည့် အရပ်သားများထံစားရေရိက္ခာနှင့်အခြားအရေးကြီးသော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုကို ပိတ်ပင်ဟန့်တားခြင်းသည်နိုင်ငံတကာဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်ရာရောက်ပေသည်။

နိုင်ငံရေးလေ့လာဆန်းစစ်သူလည်းဖြစ်၊ စာရေးသူတစ်ဦးလည်းဖြစ်သော Stella Naw က “လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ မှတ်တမ်းမှတ်ရာများ ကောင်းစွာရရှိထားသည့်တိုင် ကချင်စစ်ပွဲများအပေါ် နိုင်ငံတကာ အာရုံစူးစိုက်မှုမရှိသေးကြောင်း ပြောကြားသည်။ “ဒီစစ်ပွဲက အရပ်သားအပေါ် မြန်မာတပ်ဖွဲ့ဝင်တွေက စနစ်တကျပစ်မှတ်ထားထားတဲ့ စစ်ပွဲဖြစ်ပေမယ့် နိုင်ငံတကာအသိုက်အဝန်းက သတိမပြုမိဘဲဖြစ်နေတယ်”ဟု သူကဆိုသည်။

ကချင်လူငယ်အစည်းအရုံးမှ တွဲဖက်အထွေထွေအတွင်းရေးမှူးဖြစ်သူ ‘ဆိုင်းထွယ်’ ကလည်း Stella Naw နှင့် အလားတူပင်ဆိုသည်။ “ဒီစစ်ပွဲက လျစ်လျူရှုခံထားရတဲ့ စစ်ပွဲပဲ” ဟု ဆိုင်းထွယ်က ဆိုသည်။ သူက မြန်မာနိုင်ငံသို့ မကြာသေးမီကလာရောက်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမှုများတွင် ရခိုင်ပြည်နယ်အရေးကိစ္စသာလျှင် ပါဝင်ခဲ့ခြင်းကို ထောက်ပြခဲ့သည်။ “သူတို့တွေက(ကချင်ပြည်နယ်အကြောင်း)ဘာမှမသိဘဲနဲ့ပြန်သွားခဲ့ကြတာ”။

## သယံဇာတစစ်ပွဲ

ဆွတ်ဆိုင်းထွယ်ကမကြာသေးမီကမှ ရုတ်တရက်အရှိန်မြင့်တက်လာသော ပဋိပက္ခများမှာကေအိုင်အေကို အပြီးတိုင်ချေမှုန်းရေး(သို့မဟုတ်) အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးစေရေး ဆိုသည့် တပ်မဟာဗျူဟာအသစ်ကြောင့်ဖြစ်သည်ဟု ယူဆသည်။

သို့ရာတွင် တပ်မတော်က ကချင်ဒေသကို ထိန်းချုပ်လိုသည့်အခြားအကြောင်းအရင်းတစ်ရပ်ရှိနေသေးသည်။ ဆွမ်ပရာဘွမ်သူနှင့် သူမိသားစုတို့စွန့်ခွာထွက်ပြေးခဲ့ရာဒေသမှာ သူတို့၏ကျေးရွာများ၊ စပါးခင်းများချည်းသာ ရှိပေသေးသည်။ ကချင်ပြည်နယ်ဒေသတစ်ဝှမ်းလုံးတွင်လည်း အကျိုးအမြတ်ကြီးမားလှသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများစွာတည်ရှိနေသည်။

ကချင်စစ်ပွဲသည် အဓိကအားဖြင့် သဘာဝသယံဇာတကို အကြောင်းပြုနေခြင်းဖြစ်သည်ဟုဆိုင်းထွယ်ကဆိုသည်။ တရားဝင်အခွန်ပေးဆောင်ခြင်းမရှိလဲ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ဘက်သို့ နယ်စပ်ဒေ



သမှတစ်ဆင့် မှောင်ခိုထုတ်နေသော တရားမဝင်ကျောက်စိမ်းပြည်ပတင်ပို့မှုပမာဏ စုစုပေါင်းသည် ဘီလျံနှင့်ချီ၍ရှိကြောင်း ဆိုင်းထွယ်ကပြောကြားသည်။

ကချင်ပြည်နယ်အတွင်းရှိ ပယင်းထွက်ရှိရာ တနိုင်းဒေသနှင့် ဖားကန့်ကျောက်စိမ်းတွင်းများအနီး မကြာသေးမီက တိုက်ပွဲများဖြစ်ပွားခဲ့ကာ နှစ်ဘက်တပ်ဖွဲ့များက အဆိုပါအချက်အချာဒေသများအား ချုပ်ကိုင်နိုင်ရေးအတွက် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြကြောင်း Global Witness အဖွဲ့မှ အကြီးတန်းတာဝန်ခံတစ်ဦးဖြစ်သူ Hanna Hindstrom က ပြောကြားခဲ့သည်။


ဓါတ်ပုံ - Salai

ကျောက်စိမ်းထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံနယ်စပ်ဒေသကို ဖြတ်သန်း၍ တရားမဝင်ခိုးထုတ်ခံကြရပြီး အစိုးရဘက်သို့ အနည်းငယ်မျှသာ ရောက်ရှိကာ ကချင်အသိုင်းအဝိုင်းသို့မူ ပိုမိုနည်းပါးသော ပမာဏသာ ရောက်ရှိပေသည်။ ကျောက်စိမ်းရောင်းချမှုမှ ရရှိသည့်ဝင်ငွေများမှာ အဆက်အသွယ်ကောင်းစွာရရှိထားသော ခရိုနီများ၊ စစ်တပ်အခွင့်ထူးခံများ၊ မူးယစ်ရာဇာများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရုတ်လူမျိုးတို့၏ အိတ်ထောင်များဆီသို့သာ သွယ်တန်းဝင်ရောက်သွားရကြောင်း ဆိုင်းထွယ်က ပြောသည်။

မြန်မာအစိုးရ၏ မဟာမိတ်နိုင်ငံတစ်ရပ်ဖြစ်သော တရုတ်နိုင်ငံသည် ယင်း၏နယ်စပ်ဒေသနှင့် လက်တစ်ကမ်းခန့်အကွာတွင် မော်တာအမြောက်ဆံတို့ ကျရောက်ပေါက်ကွဲသံကြားနေရသည့်တိုင် ကချင်ပဋိပက္ခများနှင့် ပတ်သက်၍ နှုတ်ဆိတ်နေလျက်ရှိသည့် တိုက်ပွဲကာလများအတွင်း နေရပ်စွန့်ခွာထွက်ပြေးကြရသည့် အရပ်သားများကို ယခင်က တရုတ်နိုင်ငံ နယ်စပ်ဒေသမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်ခွင့်ပြုထားခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ထိုသို့ထွက်ပြေးတိမ်းရှောင်လာသူတို့ကို ပြန်လည်စေလွှတ်ခဲ့သည်။

**ထိတ်လန့်ဖွယ်ရာဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းအလား**

ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့ ဆင်ခြေဖုံးအရပ်ဒေသများ၌ ဒေသတွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများနေထိုင်ရာ စခန်းအမြောက်အများ ဖြန့်ကျက်တည်ရှိသည့် ဝါးထရံများဖြင့် အခိုင်အမာဆောက်လုပ်ထားသော တဲများမှသည် လက်ဖြစ်ပြုလုပ်ထားသော ရွက်ဖျင်တဲများအထိ ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်ထားကြသည့် စခန်းများဖြစ်ကြသည်။

"သာဂရသရက်တော"အရပ်မှ စခန်းခေါင်းဆောင်တစ်ဦးဖြစ်သူဦးသိန်းစိုးက သူ့လူမျိုးစု၏အနာဂတ်အတွက် အဆိုးဘက်သို့သာ တွေးမြင်နေသည်။ "ကျွန်တော့်အထင်တော့ တစ်ဖက်ဖက်က လုံးလုံးပြုတ်သွားမှပဲ စစ်ပွဲကပြီးတော့မှာ"ဟု သူကဆိုသည်။

ရွာနှင့် နီးကပ်လာသည့် တိုက်ပွဲဖြစ်ပွားသံများ ကြားရပြီးနောက် အိမ်ကိုစွန့်ခွာထွက်ပြေးရန် ဖိအားသက်ရောက်ခဲ့ရကြောင်း သူက ပင်ပန်းနွမ်းလျနေသည့်မျက်ဝန်းများဖြင့် ငေးကြည့်ရင်း ပြန်ပြောသည်။ "ပထမတော့ ကျွန်တော် ထွက်ပြေးဖို့ စိတ်ကူးမရှိဘူး။ ဒါပေမဲ့ ကိုယ့်မိတ်ဆွေတွေရော အိမ်နီးနားချင်းတွေကပါ ပြေးဖို့ရာစလုပ်လာကြပြီလေ။ ၈၀ ရာခိုင်နှုန်းလောက်က တရုတ်ပြည်ဘက် ထွက်ပြေးကြတာ။ ကျန်တဲ့သူတွေက မြစ်ကြီးနားကိုပြေးဖို့ ဆုံးဖြတ်ကြတယ်။အခုဆို ကျွန်တော့်ရွာကထိတ်လန့်စရာဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခန်းလို ဖြစ်နေပြီ"

ရေးရေးမျှသာရှိသော အနာဂတ်မျှော်လင့်ချက်နှင့်အတူ အများအပြားသောလူငယ်တို့က မူးယစ်ဆေးဝါးသုံးစွဲမှုဘက်သို့ခြေဦးလှည့်လာသည်။ ဘိန်းဖြူကိုဒေသအတွင်းနေရာအနှံ့ဝယ်ယူရရှိနိုင်ပြီး တစ်ခါသုံးစာအတွက် အမေရိကန်ဒေါ်လာလေးဒေါ်လာမှငါးဒေါ်လာခန့်အထိသာ ကျသင့်သည်။

'ပတ်ဂျဆန်' အမည်ရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည့် မြစ်ကြီးနားမြို့ခံ'အင်ခွမ်တန်ဂွန်း'က သူ့လူမျိုးစု၏အခြေအနေမှာ ဖြည်းညင်းစွာ မျိုးသုဉ်းသတ်ဖြတ်ခံနေရခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

"အစိုးရမှာ ရည်ရွယ်ချက်တစ်ရပ်ရှိနေတယ်။ ဒါဟာ တိုင်းရင်းသားတစ်စုလုံးကိုရှင်းပစ်ဖို့ပဲလို့ ကျွန်တော်တို့စိတ်ထဲမှာ ခံစားရတယ်"ဟု ဆိုသည်။

သဘောထားကွဲလွဲမှုများကို တားဆီးရမည့်အစားကချင်တို့အပေါ် အသစ်ထပ်မံဆင်နွှဲခဲ့သည့် တပ်မတော်ထိုးစစ်များက ဆန္ဒပြလှုပ်ရှားမှုတစ်ရပ်ကို ပေါ်ထွက်လာစေခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်ကုန်ရက်အတွင်း ရန်ကုန်မြို့၌ လူငယ်ခေါင်းဆောင်များက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့သည်။ ဆန္ဒပြရာတွင် ပါဝင်သူရှစ်ဦးဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ "ကျွန်မတို့တွေက စစ်ပွဲတွေကို မလိုချင်ဘူးဆိုတာ အာဏာလက်ဝယ်ရှိသူတွေကို သတိပေးဖို့အတွက် ကျွန်မတို့ရဲ့အသံတွေကို ပိုပြီး ကျယ်ကျယ်ထွက်လာအောင်လုပ်ဖို့ရာ လိုပါတယ်။ စစ်ပွဲတွေရပ်ပစ်ဖို့ဆိုတာ သူတို့တွေရဲ့တာဝန်ပါပဲ"ဟု လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သူ သဉ္ဇာရွှန်းလဲ့ရည်က ပြောကြားသွားခဲ့သည်။

မြစ်ကြီးနားမြို့ ဆန္ဒပြပွဲများကို ဆော်ဩဆောင်ရွက်သူ "ဆွတ်ဆိုင်းထွယ်"လည်း ဖမ်းဆီးခံခဲ့ရပြီး လူငယ်အများအပြားနေရာမှဖယ်ရှားဖိနှိပ်ညှင်းပန်းခံရသည်ကို မြင်ရသောအခါ လွန်စွာကြေကွဲခဲ့ရကြောင်း သူကပြောကြားခဲ့သည်။ "ဒီကနေ့ လူငယ်တွေဟာ မနက်ဖြန်ရဲ့ ခေါင်းဆောင်တွေပါ။ ကချင်လူမျိုးတွေရဲ့အနာဂတ်ဟာ အမှောင်တိုက်ပိတ်ဆီးမှုကြောင့် အမြင်ကွယ်ခဲ့ရပါပြီ"ဟု ဆိုင်းထွယ်က ပြောကြားခဲ့သည်။

Reference: 'Slow Genocide': Myanmar's Invisible War on the Kachin Christian Minority
By Libby Hogan
May 14, 2018, The Guardian

# ဖားကန့်တွင် ကုမ္ပဏီနှစ်ခုမီးရှို့သည်ဟု သံသယဖြစ်သူအယောက် ငါးဆယ်ခန့်အား စစ်ဆေးနေ

မြစ်ကြီးနား၊ မေ ၁၄

မေလ ၁၃ ရက်နေ့က ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအနီးရှိ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီနှစ်ခုကို မီးရှို့သည်ဟုသံသယရှိသူအယောက်၅၀ ခန့်ကို စစ်ဆေးနေကြောင်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။


မီးရှို့ဖျက်ဆီးခံရသော ကုမ္ပဏီ
ဓါတ်ပုံ - ဇော်ဝင်းမောင်

တောက်ပကြယ် ကုမ္ပဏီနှင့် မဟာကုမ္ပဏီတို့မှ ဝန်ထမ်းများသည် ကုမ္ပဏီတာဝန်ရှိသူများနှင့် လုပ်ခလစာ/အလုပ်ချိန် အငြင်းပွားမှုဖြစ်ပွားခဲ့ပြီးနောက် ထိုညတွင်ကုမ္ပဏီများမီးလောင်ခဲ့သဖြင့် စစ်ဆေးနေခြင်းဖြစ်ကြောင်းသိရပြီး ဖားကန့်မြို့တွင်လည်း ဝန်ထမ်းများ၏ မကျေနပ်ချက်ကြောင့် ရှို့သောမီးဖြစ်သည်ဟု သုံးသပ်ပြောဆိုနေကြကြောင်း သိရသည်။

ထိုကုမ္ပဏီများတွင် ဝန်ထမ်းပေါင်း ၂၀၀၀ ကျော်ရှိသည့်အနက် မီးရှို့ဖျက်ဆီးသည်ဟု သံသယရှိ သူ ၄၉ ဦးအား စစ်ဆေးနေခြင်းဖြစ်ကြောင်း၊ အထက်ပါဖြစ်စဉ်ကြောင့် သုံးဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း ဖားကန့်မြို့နယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပစ်ခတ်တားဆီးလို့ သေတာလား။ ဘာကြောင့်သေတာလဲတော့မသိဘူး။ စစ်ဆေးနေတယ်။ စိတ်အလိုမကျမှုကြောင့် လက်တွေ့ဖြစ်လာတဲ့အပေါ်မှာဖြစ်သွားတာ။ လစာကြောင့်ဆိုရင်တော့ညှိနှိုင်းပေးလို့ရတယ်လေ။ အလုပ်ဆင်းခိုင်းလို့ ဖြစ်တာနေမှာပါ။"ဟု ဦးတင့်စိုးက ပြောသည်။

မီးမလောင်မီ နံနက်ပိုင်းက မိုးရွာနေသဖြင့် လုပ်သားများကို အနားပေးခဲ့ကြောင်း၊ နေ့လယ် မိုးတိတ်သည့်အချိန် အလုပ်ပြန်ဆင်းရန် ပြောသည့်အခါ ထမင်းစားနားချိန်ဖြစ်၍ အလုပ်မဆင်းနိုင်ဟု လုပ်သားများက ငြင်းဆန်ကြောင်း၊ ထိုမှ အငြင်းပွားမှု စတင်ဖြစ်ပွားခဲ့ကြောင်း အခင်းဖြစ်ပွားသည့်ကုမ္ပဏီမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

"လုပ်ငန်းကြီးကြပ်တွေနဲ့ စကားများရာကနေ လစာကိစ္စတွေပါ ရောက်သွားတယ်။ တောင်းဆိုတာတွေလုပ်ပြီး ဆန္ဒပြတဲ့အဆင့်ထိ ရောက်သွားတာပဲဗျ"ဟု အထက်ပါယာဉ်မောင်းက သူမြင်တွေ့ခဲ့သည့် အဖြစ်အပျက်ကို ပြန်ပြောပြခဲ့သည်။

ထိုသို့မီးလောင်နေစဉ် ကုမ္ပဏီဂိုဒေါင်အတွင်းထားရှိသော ကျောက်စိမ်းများကို ယူဆောင်သွားကြသဖြင့် တာဝန်ရှိသူများက သေနတ်ဖြင့်ပစ်ဖောက်ဟန့်တားခဲ့ရသည်ဟု မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော် သွားကြည့်တော့ပွဲကျနေတာပဲ။ မီးလောင်နေတဲ့ကြားကပဲ ကျောက်စိမ်းတွေယူကြတယ်။ ကျွန်တော်တို့သိသလောက်တော့ ရှို့မီးပါ။ နေ့လယ်ဘက်က ကုမ္ပဏီနဲ့ အဆင်မပြေဖြစ်ပြီးမှ ညကျမီးလောင်တာပဲ။ ဘယ်သူရှို့မှန်းတော့ မသိသေးပါဘူး။ ကျွန်တော်လည်း သေနတ်သံတော့ကြားတယ်"ဟု လုံးခင်းကျေးရွာမှ ကိုထွန်းထွန်းမှ မြစ်ကြီးနားသတင်းဂျာနယ် သို့ ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီးသက်ဆိုင်ရာကုမ္ပဏီများကို ဆက်သွယ်မေးမြန်းရာ အဆက်အသွယ် မရရှိခဲ့ပေ။

ယင်းကဲ့သို့ပင် မေလ ၉ ရက်နေ့ကလည်းရတနာအဓိပတိကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ ဝန်ထမ်း ၂၀၀ ကျော်က လုပ်ခလစာအငြင်းပွားမှုဖြစ်ပွားခဲ့၍ တာဝန်ရှိသူများမှကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ကုမ္ပဏီဘက်က လုပ်ခလစာအပြည့်အဝပေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# တိုက်ပွဲကြောင့် တောတွင်းမှ မြစ်ကြီးနားမြို့ပေါ်သို့ စွန့်စွန့်စားစား ထွက်ပြေးလာကြသူများ



**ဒေါ်လဖိုင်ဂျာပရီ (အောင်လောဒ်ရွာမှဂျော်မဆတ်နှစ်ခြင်းတော်သို့ တိမ်းရှောင်လာသူ)**

ဘာမှတောင်မပြောတတ်တော့ဘူး။ လမ်းခရီးအခက်အခဲက နှိုင်းယှဉ်ပြီးပြောစရာတောင် မရှိတော့ဘူး၊ ကျွန်မတို့က တနိုင်းချောင်းအကြိမ်တစ်ရာလောက်ဖြတ်ကူးရတယ်၊ ကမ်းပါးအမြင့်ကြီးကို တက်ရတယ်၊ မိုးရွာနေတဲ့ကြားမှာ လည်းထမင်းချက်စားရတယ်။ တဲအိမ်မရှိတော့ဝါးတွေကိုခုတ်ပြီး ယာယီနေဖို့လုပ်ရတယ်။ ကလေးတွေလူကြီးတွေ ဖျားတယ်၊ မြေကြီးထဲအိပ်ရတာဆိုတော့ ကျန်းမာရေးကိုတအားထိခိုက်တယ်၊ ငှက်ဖျားဖြစ်တယ်။ အဒေါ့်သမီးက အခုလည်းငှက်ဖျားဖြစ်နေတယ်၊ တစ်ခုကဓမ္မဆရာတွေနဲ့ အတူဆိုတော့ စိတ်ပျော်ရွှင်တယ်၊ တောထဲက ထွက်နိုင်ဖို့ ဆုတောင်းကြတယ်။



**ဦးဘရန်နန် ၊ အသက်၄၈နှစ်**
**တနိုင်းအောင်လော့ဒ်ကျေးရွာမှ နောင်နန်း ၁၀မိုင် ဂျော်မဆပ် နှစ်ခြင်းဘုရားကျောင်း သို့ တိမ်းရှောင်လာသူ**

ရွာမှာ လက်နက်ကြီးတွေပစ်လာကတည်းက ကျွန်တော်တို့တွေက သွားနေရတော့တာပဲ။ အစကတော့ ဗုံးခိုကျင်းတွေမှာ ဗုံးခိုကြတယ်၊ လက်နက်ကြီးတွေက အဆက်မပြတ်ပစ်နေတော့ မြစ်ကမ်းနားဘက်မှာ ပြန်သွားပုန်းကြတာ နေရောညရော အဲ့ဒီမှာပဲနေကြတာ။ ပစ္စည်းတွေက ဘာမှမယူခဲ့ရဘူး။ ထမင်းချက်ထားတဲ့ အိုးပဲ ယူလာခဲ့ရတယ်။ နေခင်းဘက်ကျတော့ လေယာဉ်နဲ့ ပြန်ပစ်မှာကြောက်လို့ ခြုံပုတ်မှာပဲ နေနေကြတာ။ အဲဒီကနေ နေ့တိုင်း ထွက်ပြေးလာခဲ့ရတာ ကြမ်းတမ်းလှတဲ့တောလမ်းခရီးမှာ ရက်ပေါင်းတစ်လလောက် သွားခဲ့ရတယ်။ မသယ်နိုင်ခဲ့လို့ သယ်နိုင်သလောက်ပဲ စားခဲ့ရတယ်။ တောင်တက်တောင်ဆင်းနဲ့ တနိုင်းမြစ်ရေကလည်းကြီးတော့ လမ်းလည်းမပေါက်တဲ့ တောတောင်တွေကို ကျော်ဖြတ်လာရတယ်။ ကလေးကပိုး၊ ပလိုင်းကလွယ်၊ လမ်းခရီးဝေးတော့ ခက်ခဲပြီး မောပန်းတယ်။



**ဂရန်လုအောန်** (Kareng Lu Awn)
**အသက် ၈၅ နှစ်၊**
**မလိအင်မိုင်ဘက်မှ ထွက်ပြေးတိမ်းရှောင်လာသူ**

ဒီမှာ ၂၆ ရက်မနက်မှာ ရောက်လာတာ၊ ၂၅ ရက်ညကနေ ထွက်ပြေးတိမ်းရှောင်လာတာ။ အဖွားတို့က တောထဲမှာပဲတိမ်းရှောင်မယ်ထင်နေတာ။ ဒီဘက်ရောက်လာနိုင်မယ်လို့မထင်ထားဘူး။ တပ်မတော်စစ်ကြောင်းတွေက အများကြီးလာနေတော့ ညသန်းခေါင် ၁၂ လောက်မှာ ကလေးတွေကအားလုံး အိပ်နေပြီလေ၊ အဖွားကတော့ မအိပ်နိုင်ဘူး၊ စိတ်မကောင်းလို့ ဘယ်လိုဖြစ်မလဲဆိုပြီး စိုးရိမ်နေတာ။ အဖွားတို့က မနှစ်က တောင်ယာမှာ အိပ်ကြတာ။ ဒီညနေ မိုးမလင်းခင် အင်ဂျန်းမြစ်တစ်ဖက်ကမ်းမှာ ရောက်ရမယ်ဆိုပြီး ပြောတော့ အဖွားက မျက်စိလည်းမမြင်တော့ သမီးတွေတွဲတဲ့ဘက်ကို လျှောက်လာတာ။ တပ်စခန်းရှိတဲ့နေရာဘက်ကနေ ဖြတ်သွားတယ်။ သူတို့မမြင်လိုက်တော့ ဘာမှမဖြစ်ကြဘူး။ ဘာပစ္စည်းမှမယူခဲ့ရဘူး။ တပ်မတော်စစ်သားတွေ ရောက်လာမှာလည်း ကြောက်၊ လမ်းပိတ်သွားမှာလည်းကြောက်ဆိုတော့ အဲလိုလာခဲ့ကြတယ်။ မိုးလင်းခါနီးမှာ ဘွမ်နမ်ယန်မှာရောက်ခဲ့ကြတယ်။ အဖွားမြေးတွေကလည်း မသွားနိုင်တော့ဘူးမောတယ်ဆိုပြီး ငိုတယ်။ ထမင်းလည်းကောင်းကောင်း မစားရတော့ သူတို့ကိုလည်းသနားတယ်. . အဲလိုပဲဆက်ပြီး ထွက်ပြေးလာကြတာ။



**ဒေါ်ဂျော်ကိန် ၊ အသက် ၆၃ နှစ်**
**တနိုင်းအောင်လော့ဒ်ကျေးရွာမှ နောင်နန်း ၁၀မိုင် ဂျော်မဆပ် နှစ်ခြင်းဘုရားကျောင်းသို့ တိမ်းရှောင်လာသူ**

ခက်ခဲတာပြောလို့ဆုံးမယ်မထင်ဘူး. .။ အဲဒီနေ့မှာ အဘွားရဲ့မြေးနဲ့ နေ့လယ်ထမင်းစားမယ်လို့ လုပ်နေချိန်မှာ ရွာမှာတစ်ခါတည်း လက်နက်ကြီးတွေ အကြိမ်ကြိမ်ကျလာတော့ အရမ်းကြောက်ပြီးဗုံးခိုကျင်းမှာ ဗုံးခိုနေရတယ်။ ဘေးအိမ်က ကလေးတွေလည်း မိဘတွေမရှိတော့ အတူတူဗုံးခိုကြတယ်။ လက်နက်ကြီးတွေက အဆက်မပြတ် ကျလာတော့ တောထဲကို ပြန်ထွက်ပြေးသွားကြတာ။ ရွာမှာက လေယာဉ်နဲ့ဗုံးတွေကျဲနေတာ ဗုံးသံတွေ နည်းနည်းငြိမ်တဲ့အချိန် ညနေဘက်မှာ အဝတ်အစားနဲ့ စောင်တွေသွားယူမယ်ဆိုပြီး အိမ်ပြန်လာတာ။ လှေခါးပဲ တက်ရသေးတယ်။ လက်နက်ကြီးတွေပြန်ကျလာတော့ ဘာမှမယူလိုက်ရဘူး။ ပြန်ထွက်ပြေးလိုက် ပြန်နားလိုက်နဲ့ အဘွားက သူများတွေကိုလည်း မမှီဘူး။ တောင်ကုန်းအမြင့်ကို တက်ရတော့ ခြေထောက်တွေလည်း အရမ်းနာပြီး ဆက်လျှောက်လို့မရတော့ဘူး။ ဒီမှာပဲထိုင်ပြီးသေလိုက်တော့မယ်ဆိုပြီးပြောတော့ သမီးက အမေရယ်. . . ဖြည်းဖြည်းချင်းသွားမယ်ဆိုပြီး ဖြည်းဖြည်းချင်းပြန်လျှောက်လာကြတာ ညနေ ၆ ကျော်မှ ဒွန်ဘန်ကို ရောက်တယ်။ သူများတွေက ၂ နာရီတည်းက ရောက်နေကြပြီ။



**မောင်လောဒ်အောင် ၊ အသက် ၁၈ နှစ်**
**တနိုင်းအောင်လော့ဒ်ကျေးရွာမှ နောင်နန်း ၁၀မိုင် ဂျော်မဆပ် နှစ်ခြင်းဘုရားကျောင်းသို့ တိမ်းရှောင်လာသူ**

ရွာထဲလက်နက်ကြီးတွေ ကျလာလို့ အရမ်းကြောက်ပြီး ရွာကနေထွက်ပြေးကြတယ်။ ရောက်တဲ့နေရာတွေမှာ တဲဆောက်ပြီးနေတယ်။ ကိုယ့်မိသားစုအတွက်က ၂ ရက်လောက်ဆောက်ရတယ်။ အရမ်းကြမ်းတမ်းတဲ့ တောလမ်းခရီးမှာ လမ်းလျှောက်ပြီး ထွက်ပြေးရတယ်။ ဖျားနာရင်လည်း ဆေးတွေကမရှိလို့ အရမ်းခက်ခဲ့တယ်။



**ဂါးရိန်းဆိုင်းနန်** (Garing Seng Nan) **အသက် ၄၉ နှစ် အင်ဂွမ်လရွာ**

အင်ဂွမ်လရွာမှာ လေယာဉ်တွေလာတော့ ကြောက်လို့ထွက်ပြေးလာခဲ့တာ။ မနက်မိုးမလင်းခင်မှာ တောထဲမှာ သွားပုန်းနေတာ မိုးချုပ်မှ အိမ်ကိုပြန်လာကြတယ်။ ဧပြီ၂၅ရက်နေ့မှာအင်ဂွမ်လ ကေအိုင်အေတပ်ရင်း ၁ မှာ လေယာဉ်တွေနဲ့ လာပစ်တော့ ကျွန်မတို့ရွာနဲ့တစ်ဆက်တည်းလေ. . .။ လက်နက်ကျည်တွေကြောက်လို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြတာ။ ၂ ရက်လောက်က မနက်မိုးမလင်းတဲ့အချိန်မှာ ထမင်းတွေချက်ပြီး တောထဲမှာနေကြတာ ညမိုးချုပ်မှအိမ်ပြန်လာပြီးချက်စားကြတာ။ ဟိုဘက်ဒီဘက်မှာ စစ်အင်အားတွေ များလာတော့ လေယာဉ်တွေနဲ့လည်းပစ်တော့ အရမ်းကြောက်ပြီး ပြေးလာကြတာ။ ဘာပစ္စည်းတွေမှလည်း မပါခဲ့ဘူး။

# မိုးညှင်းစာတိုက်ဘေးမှ တိုက်တန်းသည် လမ်းမြေပေါ်ကျူးကျော်ထားသည့် အဆောက်အဦးဟုတ် / မဟုတ် စိစစ်နေ

မိုးညှင်း၊ မေ ၁၅

မိုးညှင်းမြို့မဈေးကြီးအနီး၊ မိုးညှင်းစာတိုက်ကြီး၏ ဝဲဘက်ဘေးတွင်တည်ရှိသော စည်ပင်မှခွင့်ပြုထားသည့် ဈေးဆိုင်တိုက်တန်းသည် မြို့၏လမ်းမြေတွင် ကျူးကျော်တည်ဆောက်ထားခြင်း ဟုတ်/မဟုတ် ပြန်လည်စစ်ဆေးမည်ဖြစ်ပြီး ကျူးကျော်နေကြောင်းပေါ်ပေါက်ပါက တရားဝင်ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်စည်ပင်သာယာရုံးမှ သိရသည်။



ဓါတ်ပုံ - ထွန်းထွန်း (မိုးညှင်း)

ထိုသို့စစ်ဆေးရခြင်းမှာ မိုးညှင်းအထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ကျင်းပခဲ့သော အစည်းအဝေးတစ်ခုတွင် မြို့တွင်း လမ်းမြေပေါ်၌ စည်ပင်ဈေးဆိုင် တိုက်ခန်းများကျူးကျော်နေသည်ဟု ပြည်သူများ၏တင်ပြချက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက ဆွေးနွေးခဲ့သဖြင့် ပြန်လည်စစ်ဆေးရခြင်းဖြစ်ကြောင်း သိရသည်။

"အခုလောလောဆယ်တော့ လမ်းမြေအပေါ် ကျူးတယ်မကျူးဘူးဆိုတဲ့ မြေရာဇဝင်တွေနဲ့ အဲဒီဈေးဆိုင်ခန်းတွေရဲ့ရာဇဝင်ကို စုံစမ်းနေပါတယ်။ အခုဈေးတိုက်တန်းတွေက ခေတ်အဆက်ဆက်ကတည်းက ရှိနေတာမို့ ဖယ်ရှားဖို့သင့်မသင့်ဆိုတာအသေအချာစစ်ဆေးပြီး စည်ပင်ကော်မတီက အစည်းဝေးထိုင်ရပါမယ်။ မလိုလားအပ်တဲ့နစ်နာမှုတွေမရှိရအောင် ဘက်ပေါင်းစုံကနေကြည့်ပြီး စဉ်းစားကြရပါမယ်။ မြို့နယ်နဲ့ခရိုင်ထွေအုပ်ရဲ့ သဘောထားကိုလည်း ခံယူပါမယ်။ ပြီးရင် ရရှိတဲ့အချက်အလက်တွေကို ပြည်နယ်ရုံးကိုပေးပို့သွားပါမယ်။ ပြည်နယ်ရဲ့ညွှန်ကြားမှုကို အတည်ပြုပြီး ဆောင်ရွက်ပေးသွားမှာပါ"ဟု မိုးညှင်းမြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်လင်းက ပြောသည်။

အဆိုပါ တိုက်တန်းတွင် စည်ပင်အခွန်ဆောင်၍ ဈေးရောင်းနေကြသော နံကပ်တိုက် ဆိုင်ခန်း ၁၇ ခန်းရှိပြီး ထိုဆိုင်ခန်းများသည် ၁၉၉၁ခုနှစ် မိုးညှင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ကိုလက်ထက်က တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဈေးဆိုင်ခန်း ၁၇ ခန်းတို့မှာ လစဉ်တစ်လလျှင် သုံးထောင်ကျပ်ကို တရားဝင်ပေးဆောင် နေရသဖြင့်ဖယ်ရှားရန်မသင့်ကြောင်း ဈေးတိုက်တန်းပိုင်ရှင် ကိုချစ်ထူးက ပြောသည်။

"ကျွန်တော် ဒီကဈေးတိုက်တန်းဆိုင်ခန်းမှာ ဆံသလုပ်ငန်းလုပ်ဆောင်နေတာ နှစ်ပေါင်း၃၀လောက် ရှိနေပါပြီ။ အားလုံးကလည်း တရားဝင်စည်ပင်အခွန်လည်း ပေးဆောင်ထားကြပါတယ်။ မကြာမီ ကျွန်တော်တို့ဈေးသည်တွေ စုပေါင်းလက်မှတ်ထိုးပြီး တင်ပြကြဖို့ ညှိနှိုင်းထားကြပါတယ်"ဟု ကိုချစ်ထူးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်

အဆိုပါ စည်ပင်ဈေးဆိုင်တိုက်တန်းအား နဝတအစိုးရလက်ထက်တွင် မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ၏ လမ်းညွှန်မှုဖြင့် ဗိုလ်မှူးမောင်ကို၊ မဝတမှဦးသီဟ မိုးညှင်းမြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးဘန်ကျွမ်း၊စည်ပင်အင်ဂျင်နီယာအရာရှိ ဦးဂျွန်အောင်တို့က ကော်မတီဖွဲ့ပြီး တရားဝင်တည်ဆောက်ခဲ့ကြကြောင်း သိရသည်။

"အဲဒီဆိုင်ခန်းတွေ တည်ဆောက်တဲ့အချိန်မှာ ကျွန်တော်က မိုးညှင်းစည်ပင်က အင်ဂျင်နီယာ ဝန်ထမ်းပါ။ တိုင်းမှူးက မိုးညှင်းမြို့အတွင်းကနေရာအနှံ့အပြားကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြို့ရွာတိုးတက်ရာ တိုးတက်ကြောင်းကောင်းမယ်ထင်လို့ လမ်းညွှန်တည်ဆောက်ပေးခဲ့ပါတယ်။ ဈေးပါတ်ဝန်းကျင်က လူနေအိမ်တွေကိုလည်း တရားဝင်အောင် လူနေအိမ်ဂရမ်တွေ လုပ်ဖို့ကအစ ညွှန်ကြားပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖယ်မယ်ဆိုရင်တော့ တစ်နေရာတည်းကိုပဲ ဖယ်လို့မရပါဘူး"ဟု နဝတလက်ထက်က မိုးညှင်းစည်ပင်အင်ဂျင်နီယာဝန်ထမ်းဟောင်း ဦးကျော်ညွှန့်ကပြောသည်။

ထိုဆိုင်ခန်းတိုက်တန်းကို ကျူးကျော်ဟုသတ်မှတ်ပြီးဖယ်ရှားမည်ဆိုပါက မြို့လယ်ခေါင်ကို ဖြတ်သန်းထားသောကြိုးတံတားအနီးရှိ လူနေအိမ်ဈေးဆိုင်များ၊ နောင်စွန်းတံတားအနီး လူနေအိမ်ဈေးဆိုင်များကိုလည်း ဖယ်ရှားရမည်ဖြစ်သောကြောင့် မိုးညှင်းမြို့၏မြေပုံအဟောင်းကို ကြည့်ပြီးဖယ်ရှားရန် သင့်/မသင့်ကို ဆုံးဖြတ်စေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ဈေးဆိုင်တိုက်တန်းကို တရားဝင်ဖယ်ရှားရန် သင့်မသင့် ဆွေးနွေးအဖြေရှာရဦးမည်ဖြစ်သော်လည်း ၎င်းတိုက်တန်းအနီး မိုးညှင်းမြို့စာတိုက်ကြီးအရှေ့တွင် ဖွင့်လှစ်ထားသော မိုးမလင်းဈေးကို မြို့မဈေးကြီး၏အနောက်ဖက်နန့်ရင်းချောင်းနံဘေးသို့မကြာမီ ပြောင်းရွှေ့ခိုင်းတော့မည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်စည်ပင်ရုံးမှ သတင်းရရှိပါသည်။

ထွန်းထွန်း(မိုးညှင်း)

## ကဗျာကဏ္ဍ

### လောင်နေဆဲမီးတွေ

ခေတ်ကို
ဇစ်ဆွဲကြည့်လိုက်တယ်ဆိုရင်ပဲ
စစ်ပွဲတွေ ထွက်ကျလာတယ်။

စနစ်အလွဲတွေနဲ့
အပြစ်မဲ့ပြည်သူတွေ မွဲလို့
မမွဲတဲ့ပြည်သူတွေလည်း
သွေးချင်းတွေ ကွဲလို့။

ပစ်ဖိတွေ
တစ်ချပ်ပြီးတစ်ချပ်
ကပ်ဆိုးတွေ တစ်ကပ်ပြီးတစ်ကပ်
အဆက်မပြတ် ဆိုက်ကပ်လာပေါ့။

ဗုံးဖိတွေရဲ့အံထဲ
လက်ထိုးခံလိုက်ရတာက
ကျောမွဲလူတန်းစားနင်းပြားတွေ
ဘဝတွေစတေးလို့
လူမွေးလူရောင်မပြောင်ဘူး။

ဘယ်ခေတ်ပဲရောက်ရောက်
လူတန်းစားတစ်ရပ်ကိုဖိနှိပ်လို့
လွတ်လပ်ရေးဝေါဟာရမှာ
မလွတ်မလပ် နာနာကျင်ကျင်တွေများတယ်။

ငြိမ်းချမ်းရေးဟာ
နှုတ်ဖျားမှာ ခြေတော်တင်ခံလိုက်ရ
ဖုံးရ ဖိရနဲ့ ဖုံးမရ ဖိမရမှ
ထထတိုက်တတ်တဲ့ စစ်တွေကို မုန်းတယ်။

စစ်မှန်တဲ့ ငြိမ်းချမ်းရေးဟာ
ကိုယ်ချင်းစာနားလည်မှုက စ
ကြင်နာဖေးမခြင်း အလယ်
မေတ္တာတရားနဲ့သာ ဆုံးကြည့်
ခုတော့
ငွေသံတရှင်ရှင်ကြား
ငြိမ်းချမ်းရေး ရင်ကြားမစေ့
အတ္တမာန်မာနတွေနဲ့
တမြေ့မြေ့လောင်နေတယ်
လောင်နေသေးတယ်
လောင်နေပါဦးမယ်။ ။

သုတလင်း(ဆင်ပေါင်ဝဲ)



# ချီဖွေမှ စစ်ဘေးသင့်ပြည်သူများလည်း အရေးပေါ်အကူအညီလိုအပ်နေ

မြစ်ကြီးနား၊ မေ ၁၂

ချီဖွေမြို့နယ်ရှိ ကေဘီစီနှင့် လော်ဝေါ်နှစ်ခြင်းအသင်းတော်သို့ တိုက်ပွဲတိမ်းရှောင်လာသည့် စစ်ရှောင်ပြည်သူများအတွက် ဆန်နှင့်ဆေးဝါးများအရေးပေါ် လိုအပ်နေကြောင်း ကေဘီစီစစ်ရှောင်စခန်းမှ ဒုတိယအတွင်းရေးမှူး ဆရာဒွဲမိုင်က ပြောသည်။

အဆိုပါ စစ်ရှောင်များသည် ဧပြီလ၂၄ - ၂၅ရက်နေ့ဖြစ်ခဲ့သည့် မလိအင်မိုင်ဝလောင်ဒေသရှိ ဇန်နောင်ရွာ၌ဖြစ်ပွါးခဲ့သည့် ကေအိုင်အေနှင့်တပ်မတော်တို့၏ တိုက်ပွဲကြောင့် ဧပြီလ ၂၈ ရက်နေ့ကတည်းက ချီဖွေမြို့သို့ တိမ်းရှောင်ရောက်ရှိလာခဲ့ကြသော စစ်ရှောင်ပြည်သူများ ဖြစ်ကြောင်း သိရသည်။

"အခုလောလောဆယ် အစားအသောက်ရယ်၊ ဆေးဝါးရယ်၊ အဝတ်အစားရယ် အခက်အခဲဖြစ်နေတယ်။ သက်ကြီးရွယ်အိုတွေက စစ်ကြောင့်စိတ်ဒဏ်ရာရနေတဲ့သူတွေ ရှိတယ်။ အာဟာရတွေလိုအပ်နေတယ်၊ စခန်းထဲမှာ ဖျားနာနေတဲ့လူတွေလည်း ရှိတယ်"ဟု ဆရာဒွဲမိုင်ကပြောသည်။

ချီဖွေမြို့ ကေဘီစီအသင်းတော်ရှိ စစ်ရှောင်များအား ကေဘီစီနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ကြက်ခြေနီများအဖွဲ့က လတ်တလောကူညီထောက်ပံ့ပေးနေကြောင်း သိရသည်။

"အခုဒီမှာ ဖျားနာတဲ့သူတွေ အများကြီးရှိနေတယ်၊ ကလေးမိခင်တွေ၊ကလေးတွေ၊ အများကြီးပဲ ဖျားနေတယ်။ ဒီမှာကုန်စည်ဈေးနှုန်းလည်း တအားဈေးကြီးတယ်"ဟု ဇန်နောင်ကျေးရွာမှ စစ်ရှောင်စခန်းသို့ ရောက်လာသည့် ဒေါ်ဒေါင်ယန်က ပြောသည်။

အဆိုပါစစ်ရှောင်စခန်း၌ ရောက်ရှိနေသည့် ပြည်သူ ၃၀၀ ကျော်တွင် ကျောင်းနေအရွယ်ကလေး အများ ဆုံးဖြစ်ပြီး ကေဘီစီမှ ယာယီတဲများ၊ ဆန်၊ ဆီ၊ ပဲတို့ ထောက်ပံ့၍ ကမ္ဘာ့ကြက်ခြေနီအဖွဲ့က မိုးကာ၊ ထီး၊ သွားတိုက်ဆေးနှင့် အိုးခွက်ပန်းကန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကျောင်းဖွင့်ရာသီလည်းနီးပြီဖြစ်၍ စစ်ရှောင်ကလေးများအတွက် ကျောင်းသုံးပစ္စည်းများနှင့်ဝတ်စုံများလည်း လိုအပ်နေကြောင်း ဆရာဒွဲမိုင်က ပြောသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် တစ်နေ့ဆန်နှစ်တင်းခွဲချက်ရပြီး တစ်နေ့ဟင်းဖိုးကုန်ကျစရိတ်သည် ၇၀၀၀၀ ကျော်ခန့်ရှိပြီး မလိအင်မိုင်ဝလောင်ဒေသမှ ဇန်နောင်၊ ညော်မော်ပါ၊ နာ့လောကျေးရွာမှ ပြည်သူတို့ ချီဖွေမြို့ကေဘီစီအသင်းတော်ရုံး၊ ဘုရားကျောင်း၊ မူကြိုကျောင်းတို့တွင် လာရောက်ခိုလှုံလျှက်ရှိကြောင်း သိရသည်။

ဆန်လတ်

# အသစ်တိမ်းရှောင်လာသည့် လီဆူစစ်ရှောင်များ အရေးပေါ်အကူအညီလိုအပ်နေ


ဓါတ်ပုံ - ဆန်လတ်

မြစ်ကြီးနား၊ မေ ၁၅

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မခေါ်ယာန်လီဆူအေဂျီဘုရာကျောင်းဝင်းသို့ ချီဖွေလောင်ဖန်မှ စစ်ဘေးရှောင်လာသော ပြည်သူများသည် နေထိုင်ရန် အဆောက်အအုံများနှင့် လူသုံးကုန်ပစ္စည်းများ အရေးပေါ်လိုအပ်နေကြောင်း စခန်းတာဝန်ခံ ဒေါ်ငွါးမတားကပြောသည်။

ချီဖွေမြို့ လောင်ဖန်ကျေးရွာမှ ပြည်သူများသည် ဧပြီ၂၅ ရက်နေ့က ၎င်းတို့ဒေသတွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် မိုင်းနားကျေးရွာ မခေါ်ယာန်လီဆူ အေဂျီဘုရားကျောင်းဝင်းသို့ လာရောက်တိမ်းရှောင်နေကြခြင်းဖြစ်ကြောင်း သိရသည်။

"လောလောဆယ်စားဖို့ လောက်ကတော့ အဆင်ပြေတယ်။ ဒါပေမဲ့ နေစရာနေရာက လုံးဝအဆင်မပြေဘူး။ ခန်းမဆောင်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေနေရတယ်။ မြေနေရာလည်း အဆင်မပြေဘူး" ဟု ဒေါ်ငွါးမတားက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

စစ်ရှောင်ပြည်သူများသည် ၎င်းတို့ပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး ရုတ်တရက်ထွက်ပြေးတိမ်းရှောင်လာကြရသဖြင့် အဝတ်အစားများ၊ အိုးခွက်၊ ပန်းကန်များလည်း သယ်မလာနိုင်ကြကြောင်း သိရသည်။

"အဆောက်အဦမလောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ထမင်းချက်စားဖို့တောင် သူများတွေ အရင်ချက်ပြီးမှ သွားချက်စားရတယ်"ဟု စစ်ရှောင် ဦးရှုရှုနော်အောင်က ပြောသည်။

အဆိုပါ တိမ်းရှောင်လာသည့်စစ်ရှောင်စခန်းတွင်လူဦးရေ ၅၇ ယောက်ရှိပြီးလက်ရှိအချိန်တွင် အသင်းတော်မှ အသင်းသူအသင်းသားများက ကူညီထောက်ပံ့ပေးနေကြောင်း သိရသည်။

ဆန်လတ်

# ဝိုင်းမော်တွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကျင်းပ

မြစ်ကြီးနား၊ မေ ၁၂



ဓါတ်ပုံ - ဆန်လတ်

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ဝိုင်းမော်မြို့ရှိ လော်ဝေါ်ရိုးရာယဉ်ကျေးမှု ဗိမာန်တော်တွင် မေလ ၁၁ ရက်က ကျင်းပခဲ့သည်။

"လူမျိုးဘာသာမရွေး ယဉ်ကျေးမှုမတူကွဲပြားသော မျိုးနွယ်စုများက ရပ်ကွက်တစ်ခုတည်းမှာ စုပေါင်းနေထိုင်ကြတယ်။ အဲလိုစုပေါင်းနေထိုင်ကြတဲ့အခါမှာတော့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို ရည်ရွယ်ပြီး လုပ်တာပါ"ဟု မင်္ဂလာဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဦးဘီဟောင်းဇယ်ကပြောသည်။

အဆိုပါ မျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ညီမျှခြင်းမြန်မာနှင့် မင်္ဂလာဖောင်ဒေးရှင်းအဖွဲ့တို့က ဦးစီးကျင်းပခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ မျိုးနွယ်စုသမိုင်းကြောင်းပြောကြားခြင်းနှင့် ယဉ်ကျေးမှုအကများ ဖျော်ဖြေတင်ဆက်ခြင်းတို့ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

"အခုလိုလုပ်တာက ကျွန်တော်တို့ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမှာပါ။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး လူမျိုးမတူတူ၊ ဘာသာမတူတူ၊ စကားမတူတူ၊ ဒါပေမဲ့ ဒီလိုလုပ်ခြင်းဟာ ငြိမ်းချမ်းစွာနဲ့ အတူငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ဖို့ပါ" ဟု ဦးဘီဟောင်းဇယ်က ဆက်လက်ရှင်းပြသည်။

ထိုနေ့က ကျင်းပခဲ့သည့် မျိုးနွယ်စုများ၏ယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲသည် မင်္ဂလာဖောင်ဒေးရှင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင်ပါရှိသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟုလည်း ဆိုသည်။

"အဓိကက ကျွန်တော်တို့ ငြိမ်းချမ်းစွာ အတူနေထိုင်ရေးပေါ့လေ။ အဲ့တာအဓိကပဲ ကျွန်တော်တို့က နှစ်ပေါင်းများစွာ အတူတကွနေထိုင်ကြတဲ့အတွက် ကျနော်တို့တိုင်းရင်းသားတွေဟာ ပိုပြီးမှရင်းနှီးမှုရှိသွားအောင် ရိုးရာယဉ်ကျေးမှုဖလှယ်တဲ့သဘောဟုတ်တယ်။ ပိုပြီးနွေးထွေးမှုရှိအောင်ဆိုပြီး ပါဝင်ကြတာပါ"ဟု လာရောက်ပါဝင်သည့် တိုင်းလိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်မြိုင်က ရှင်းပြသည်။

အဆိုပါယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲသို့ လီဆူ၊ လော်ဝေါ်၊ ဂေါ်ရခါး၊ လချိဒ်၊ တိုင်းလေ၊ တိုင်းလိုင်၊ ဇိုင်ဝါး၊ ရဝမ်ယဉ်ကျေးမှုအဖွဲ့များနှင့် တရုတ်ယဉ်ကျေးမှုအဖွဲ့တို့ တက်ရောက်ပါဝင်ခဲ့ကြပြီး ၂၀၁၄ ခုနှစ်ကလည်း မိုင်းနားကျေးရွာတွင်ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။


ဆန်လတ်

## Movie View

▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

မြစ်ကြီးနားမြို့ ဧရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၁၈ - ၅ - ၂၀၁၈ မှ ၂၄ - ၅ - ၂၀၁၈ အထိ
မြန်မာကားကို နေ့လယ် ၁၂ နာရီ ၄၅ မိနစ်မှာတစ်ကြိမ်၊
၆ နာရီ ၄၅ မိနစ်မှာတစ်ကြိမ် - ဖိုးရှိတ်
နိုင်ငံခြားကား ညနေပိုင်း ၃ နာရီခွဲတွင် - A Quiet Place








## အသုံးဝင်သော ဖုန်းနံပါတ်များ

| | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မှူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

မြစ်ကြီးနားသတင်းဂျာနယ်
( မေ ၁၈ - မေ ၂၄၊ ၂၀၁၈ )

# သော်တာဆွေနှင့် မနောပွဲအတွေ့အကြုံ

အင်ခိုင်ဘွမ်



၂၀၁၆ ခုနှစ်က ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်စာအုပ်မှ မနောပွဲအတွေ့အကြုံများကို အခြေခံ၍ ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ထိုစဉ်က ဂျာနယ်ကျော်မမလေး၊ ဒဂုန်တာရာ၊ မင်းရှင်၊ သော်တာဆွေတို့ စာရေးဆရာအဖွဲ့သည် ၁၉၅၁ ခုနှစ် မနောင်ပွဲကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။ ဆရာမကြီးဂျာ နယ်ကျော်မမလေးက "ဒဂုန်တာရာမှာ တခြားသူများနှင့်မတူဘဲ မိန်းမတွေဝယ်သမျှအရာကို သူကပါလိုက်ဝယ်ချင်နေသည်။ ကျွန်မတို့ မမြင်လိုက်သည့် ကျောက်စိမ်းရင်ထိုးကိုပင် ဝယ်မိအောင်ဝယ်လိုက်သည်။ ကျွန်မတို့ ဘာပစ္စည်းဝယ်ဝယ် ကျွန်တော်ပါလိုချင်တယ်ဟူသောအသံ သူ့ထံက အမြဲကြားသည်"ဟု မှတ်တမ်းတင်ခဲ့သည်။ ထိုစဉ်က မြစ်ကြီးနားမှအပြန်တွင် ဆရာမင်းရှင်က ခွေးတစ်ကောင်ဝယ်၍ ဆရာသော်တာဆွေက သစ်အယ်သီးတစ်အိတ် ဝယ်ခဲ့သည်။

သော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်း စာအုပ်ကိုဖတ်မိရာ ထိုစဉ်က အကြောင်းများ အသစ်ဖြစ်ရပြန်သည်။ ဆရာကြီးသော်တာဆွေသည် ဟာသစာပေနှင့်သရုပ်ဖော်စာပေများကို ပြောင်မြောက်စွာရေးသားခဲ့သော စာရေးဆရာကြီးဖြစ်သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဟာသဝတ္ထုတိုပေါင်း ၁၀၀ ကျော်ကို ရေးသားခဲ့သည်။ ဤကားဆရာကြီး၏ ပထမပိုင်း စာရေးဆရာဘဝဖြစ်သည်။ ဒုတိယပိုင်းစာရေးဆရာဘဝတွင် ဘဝသရုပ်ဖော်ဝတ္ထုများကို ရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဘဝထိုထိုစာအုပ်ဖြင့် စာပေဗိမာန်ဆု၊ ၁၉၆၄ ခုနှစ်တွင် သတ္တဝါတို့၏ သံသရာစာအုပ်ဖြင့် အနုပညာစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်ဒုတိယဆု၊ ၁၉၇၀ ခုနှစ်တွင် ဤလောကမြေမဟီဝယ်စာအုပ်ဖြင့် အမျိုးသားစာပေဆုများရရှိခဲ့သည်။ မြန်မာစာပေလောကတွင် ထူးချွန်သောဝတ္ထုတိုများနှင့် ထူးချွန်သောဝတ္ထုတိုဆရာများကိုညွှန်ပြပါဆိုလျှင် သော်တာဆွေနှင့် သော်တာဆွေ၏ ဝတ္ထုများကို ညွှန်ပြရမည် ဖြစ်လေသည်။

သော်တာဆွေနှင့် ၁၉၅၁ ခုနှစ် မနောပွဲကြီးအကြောင်းကိုဆက်ရလျှင် ဝန်ကြီးချုပ်ဦးနု၏ လူပေါ်လူဇော်လုပ်နည်းစာအုပ်က စရပေမည်။ ဝန်ကြီးချုပ်ဦးနု၏ လူပေါ်လူဇော်လုပ်နည်းစာအုပ်မှာ အလွန်စွံသည်။ အလွန်လူကြိုက်များသောစာအုပ်ဖြစ်သည်။ နောက်ပိုင်း မိတ္တဗလဋ္ဌိကာဟု အမည်ပြောင်းခဲ့သည်။ ဆရာမောင်သာနိုးကမူ "ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားနဲ့ကြီးပြင်းလာသူ၊ လူ့ယဉ်ကျေးမှုအစဉ်အလာတို့ကိုလေ့လာထားလို့တန်ဖိုးထားတတ်သူတို့က ဒီစာအုပ်ကို နှာခေါင်းရှုံ့ကြပါတယ်"ဟု ဆိုခဲ့သည်။ မည်သို့ပင်ဆိုစေ သော်တာဆွေသည် ဝန်ကြီးချုပ်ဦးနု၏ညှော်ခံပွဲတွင် ဝန်ကြီးချုပ်၏လက်ကို ဇာတ်ခနဲကိုင်လိုက်သည်။ လူပေါ်လူဇော်လုပ်နည်းစာအုပ်ထဲကအတိုင်းအင်မတန်ရင်းနှီးသည့် အမူအရာဖြင့် "ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီးတို့အစိုးရအဖွဲ့ဟာဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကချင်ပြည်နယ်မနောပွဲကို သွားမလို့မဟုတ်လား၊ ဒီတော့ ကျွန်တော်တို့ စာရေးဆရာအသင်းကိုပါ ခေါ်ပါလားဗျာ၊ စာရေးဆရာတွေဟာ ဒီပွဲမျိုးရောက်သင့်တာ၊ လေ့လာသင့်တာပေါ့"ဟု ပြောလိုက်သည်။

ဝန်ကြီးချုပ်ဦးနုသည် သူ၏အတွင်းဝန်ဦးသန့် (နောင် ကုလအတွင်းရေးမှူးချုပ်)ကို ခေါ်၍ ထိုကိစ္စကိုစီစဉ်ခိုင်းခဲ့သည်။ ထို့ကြောင့် သော်တာဆွေ၏ ကြိုးပမ်းမှုကြောင့် စာရေးဆရာအသင်းက လေးယောက်၊ သတင်းစာဆရာအသင်းက လေးယောက်၊ အထက်မြန်မာပြည်စာရေးဆရာအသင်းက လေးယောက်၊ သတင်းစာဆရာအသင်းကလေးယောက် မနောပွဲသို့ လိုက်ပါခွင့်ရခဲ့ကြသည်။ "ကိုယ့်အသင်းနဲ့ကိုယ်လူရွေးကြတော့ ကျွန်တော်ကတော့ ဒီအခွင့်အရေးကိုရအောင် ဖန်တီးတဲ့ ဟီးရိုးပဲဗျာ။ နံပါတ်ဝမ်းပေါ့။ ကျန်သုံးယောက်က ဥက္ကဋ္ဌ ဒဂုန်တာရာရယ်၊ ငွေထိန်း အစ်မကြီး ဂျာနေကျော်ရယ်၊ အမှုဆောင်တစ်ယောက်ဖြစ်တဲ့ မင်းရှင်ရယ် သူတို့ဟာသူတို့ ကျိတ်ရွေးလိုက်ကြသပေါ့" ဟု သော်တာဆွေက အမှတ်ရခဲ့သည်။

သော်တာဆွေတို့အဖွဲ့သည် ဝန်ကြီးချုပ်အစီအစဉ်ဖြင့်မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အကောင်းဆုံးလေယာဉ်ကြီးဖြင့် မြစ်ကြီးနားသို့ထွက်ခွာခဲ့ကြသည်။ ထို့နောက် မနောင်ပွဲတွင် ကချင်အရက်၊ ခေါင်ရည်များဖြင့် နေ့မလင်း၊ ညမလင်း။ သော်တာဆွေသည် အိုးဝေဦးညိုမြကြီးနှင့် ဒူဝါကြီးတစ်ဦး၏ တဲသို့ လိုက်သွားသည်။ ဒူဝါကြီးသည် အရက်၊ ကျွဲအသည်းနှလုံးဟင်းဖြင့် ဧည့်ခံသည်။ အရက်ကို ဒန်ဖလားကြီးအပြည့် ခပ်ပေးသည်။ "ဒူဝါကြီးသည် ဧင်းဒန်ဖလားအပြည့်ကို ရေသောက်သလို တစ်ချက်တည်း အပြတ်မော့ပစ်၏။ ကျွန်တော်တို့လည်း သူနည်းတူမော့လိုက်တော့ အောင်မယ်လေးဗျ၊ နှစ်ကျိုက် သုံးကျိုက်နှင့် ပြန်ချရ၏ အမြည်းဝါးရ၏။ ဒူဝါကြီးက ရယ်၍ သူ့လိုပဲ အပြတ်ရှင်းရန် ပြော၏။ ကျွန်တော်တို့မတတ်နိုင်ပါ။ လက်ကာ၍ ရင်ပူလှပြီဟု ရင်ဘတ်ပုတ်ပြရ၏။ ဒူဝါကြီးက အားရပါးရရယ်၍ သူက တော့ နောက်ထပ်ခွက်ပြည့်ကြီး ချလိုက်ပြန်၏"ဟု သော်တာဆွေက အမှတ်ရခဲ့သည်။

သော်တာဆွေသည် မူးမူးနှင့် မနောကွင်းထဲသို့ ရောက်သွားသည်။ ဆမားဒူဝါဆင်ဝါးနောင်နှင့်တွေ့ကာ တွဲ၍ကလေတော့သည်။ မူးမူးနှင့်မည်မျှကြာအောင်ကသည်မသိ၊ ဝန်ကြီးချုပ်ဦးနုက "ဟေ့ တော်ကြတော့ကွ၊ တော်ကြတော့ကွ၊ သော်တာဆွေ တော်တော့ကွ၊ မင်းတို့နှစ်ယောက်စလုံး သိပ်မူးနေကြတာ၊ ပင်ပန်းလှပြီ" ဟု လူချင်းအတင်းခွဲရတော့သည်။

ထို့နောက် သော်တာဆွေကို တည်းခိုရာနေရာသို့ ပြန်ပို့ခိုင်းခဲ့လေတော့သည်။ မနက်မိုးလင်းချိန်တွင် သော်တာဆွေထံ ဝီစကီတစ်လုံးရောက်လာသည်။ ဆမားကြီးက ပို့ခိုင်းလိုက်ခြင်းဖြစ်သည်။ "ဆမားဒူဝါဆင်ဝါးနောင်ဟာ မာန်မာနဟိတ်ဟန်မရှိ၊ လူတိုင်းကို ချစ်ခင်တတ်ပြီး အင်မတန်စိတ်နှလုံးထားကောင်းတဲ့လူကြီးပါ" ဟု သော်တာဆွေတွေးနေမိသည်။

အမှန်တော့ သော်တာဆွေသည် ဆမားကြီးကိုယခုမနောပွဲတွင်မှ တွေ့ဖူးသည်မဟုတ်။ သူစာရေးဆရာအဖြစ် မအောင်မြင်ခင် ၁၉၄၇ ခုနှစ်၊ နှစ်ဦးပိုင်းကစ၍ တွေ့ခဲ့ဖူးသည်။ ထိုစဉ်က သော်တာဆွေသည် ကသာနှင့် မြစ်ကြီးနားကို ကုန်ကူးနေချိန်ဖြစ်သည်။ မြစ်ကြီးနားဘူတာသို့ ရထားဝင်လာစဉ် ဆမားကြီးသည် တွဲတိုင်းကို လိုက်ကြည့်နေသည်။ ဆမားကြီးသည် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း မန်ခရင်ရှာ ချစ်ကြည်ရေးမိတ်ဆုံစားပွဲ တက်ရောက်ပြီးစအချိန်လည်း ဖြစ်သည်။ သော်တာဆွေ၏ မိတ်ဆွေ ကချင်-မြန်မာကပြားအမျိုးသမီး ဒေါ်သန်းကြည်က "အဲဒါ ဆမားဒူဝါးဆင်ဝါးနောင်ပေါ့၊ ကချင်ပြည်နယ်စည်းရုံးရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့လူပေါ့။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်သူနဲ့လာတွေ့သွားတယ်"ဟု ကပ်ပြောလိုက်သည်။ သော်တာဆွေက ဆမားကြီးကို သတိထား၍ ကြည့်လိုက်သည်။ အဝတ်အစားမှာ ကချင်ဆင်းရဲသားများနှင့် ဘာမျှမခြား၊ ပုဆိုးဒူးခေါင်းလောက်နှင့် ခြေထောက်မှာ ဖိနပ်မပါ။

သော်တာဆွေသည် ဆမားကြီးပို့လိုက်သော ဝီစကီကို သောက်ရင်း "ထိုစဉ်က ကျွန်တော်သည် သာမန်ကုန်သည်မျှ။ ယခု ဤမနောပွဲကြီးမှာတော့ စာရေးဆရာသော်တာဆွေအဖြစ်နှင့် လည်းကောင်း၊ ဆမားကြီးက ကချင်ပြည်နယ်ဝန်ကြီးအဖြစ်နှင့် လည်းကောင်း နှစ်ယောက်တွဲကလိုက်ရတော့ ကျွန်တော်များစွာဂုဏ်ယူမိသည်။"ဟုစဉ်းစားနေခဲ့လေတော့သည်။

ရည်ညွှန်း - ကျွန်တော့်ဘဝဇာတ်ကြောင်း(သော်တာဆွေ) မြန်မာစာမိတ်ဖွဲ့(တိုက်စိုး၊ မင်းယုဝေ)
ဝေဖန်ရေးနဲ့ကျွန်တော် (မောင်သာနိုး)

■

# မိုးညှင်းမြို့နယ် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများတွင် လူငယ်များပါဝင်လာ

မိုးညှင်း၊ မေ ၁၄

မိုးညှင်းမြို့နယ်အတွင်းရှိ မူးယစ်ဆေးသုံးစွဲမှုနှင့် သယ်ယူရောင်းချမှုများတွင် လူငယ်အများအပြား ပါဝင်လာနေကြောင်း မိုးညှင်းမြို့မရဲစခန်းက သိရသည်။

"အခုနောက်ပိုင်း လူငယ်တွေက မူးယစ်ဆေးသုံးနေတာများနေသလို သူတို့ကိုယ်တိုင်ကလည်း သုံးစွဲဖို့နဲ့ရောင်းချဖို့ အထိလုပ်လာကြတယ်။ အများအားဖြင့်တော့ အသက်၃၀ အောက် လူငယ်တွေက သယ်ယူသုံးစွဲနေကြတာ တွေ့ရပါတယ်"ဟု မိုးညှင်းမြို့မရဲစခန်း ဒုစခန်းမှူး ရဲအုပ်ညွှန့်လှိုင်က ပြောသည်။

မေလ ၁၃ ရက်နေ့ညနေ ၆နာရီအချိန်ခန့်ကလည်း မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာရှိ နမ့်ချီမော်ဘက်သို့သွားရာ ကားလမ်းတွင် ဆိုင်ကယ်ဖြင့် မူးယစ်ဆေးများ သယ်ဆောင်လာသူလူငယ်သုံးဦးကို ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးမိသူ လူငယ်များမှာ မိုးညှင်းမြို့အောင်ချမ်းသာရပ်ကွက်မှ အသက်၂၀ နှစ်ရှိ ဇွန်စိုးပိုင်၊ အောင်သပြေ(၁) ရပ်ကွက်မှ အသက်၂၂ နှစ်ရှိ ငြိမ်းချမ်းအောင်နှင့် အသက် ၂၂ နှစ်ရှိသက်ပိုင်စံဆိုသူတို့ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရာတွင် မိုးညှင်းမူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်နိုင်လင်းနှင့် မော်ဟန်ရဲကင်းစခန်း ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သက်သေများ ပူးပေါင်းအဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ မော်ပင့်လမ်းခွဲအနီး မော်ဟန်-နမ့်ချီမော် ကားလမ်းတွင် စောင့်ဆိုင်းနေစဉ် နမ့်ချီမော်ဘက်မှ မော်ဟန်ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ သက်ပိုင်စံမောင်းလာသော ဆိုင်ကယ်အနောက်တွင်လိုက်ပါလာသူ ငြိမ်းချမ်းအောင်၏ လွယ်အိတ်အတွင်း၌ အဖြူရောင်ကော်ဘူးဖြင့် ထည့်ထားသော ဖြူဝါရောင်အမှုန့်အလေးချိန် ၀ ဒသမ ၄ ဂရမ်ခန့်စီပါသောဘူး ငါးဘူး၊ အနက်ရောင်ပလပ်စတစ်ဖြင့် ထုပ်ထားသော 88/1 တံဆိပ်ပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား၁၆ပြားပါ တစ်ထုပ် (စုစုပေါင်းကာလတန်ဖိုး ၁၈၀၀၀ ကျပ်ဖိုး)တို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး ဇွန်စိုးပိုင်ဆိုသူအားစစ်ဆေးခဲ့ရာဂျင်းဘောင်းဘီ ဘယ်ဘက်အိတ်ကပ်အတွင်းအပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်ထားသော ကာလတန်ဖိုးကျပ် ၅၅၅၀၀၀ တန်ဖိုးရှိ 88/1 တံဆိပ်ပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြားပါအထုပ်တစ်ထုပ်အား တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးများနှင့်အတူတွေ့ရှိခဲ့သော သက်ပိုင်စံနှင့်ငြိမ်းချမ်းအောင်တို့ကို မယ(ပ)၇၂/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၀ ဖြင့်လည်းကောင်း၊ ဇွန်စိုးပိုင်အား မယ(ပ)၇၃/၂၀၁၈ မူးယစ်ပုဒ်မ - ၁၉(က)ဖြင့်လည်းကောင်း၊ မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ထွန်းထွန်း(မိုးညှင်း)

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

**The ICRC is looking for suitable candidates to fill the following vacancy:**

**Protection Field Officer**

**Reference Number: PROT_MYI_2018001**

**To be based in Myintkyina with frequent travel to Kachin State**

**Duties and Responsibilities**

- As a protection field officer, you will implement protection activities in Kachin State under the supervision of your line manager.
- You will participate in ICRC detention visits in Kachin State.
- You will monitor and contribute to the analysis of the security, socio-economic, cultural and political environment in Kachin State relevant to the ICRC and report to your line manager and other relevant team members on any developments.
- You will collect, compile and, translate protection-related information (with appropriate care for the confidentiality of the information), and enters it into the protection database.
- You will prepare, participate and report on all aspects of field missions.
- Moreover, you will support the ICRC's Family Visit and Safe Return Home Programmes through meeting with beneficiaries, providing assistance to them and completing related administrative tasks.

**Required profile**

- It is required to have a University Degree in a relevant discipline.
- You should have at least 2 years' work experience in a relevant field.
- Very good knowledge about the humanitarian context in Kachin State will be advantage.
- Your communication skills should be excellent and you should have good comment of written and spoken English as well as Myanmar language. The knowledge of local dialects spoken in the Kachin area is a definite asset.
- Previous ICRC or Red Cross Movement experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **31 May 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
**yan_hr_services@icrc.org**
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
**akhaing@icrc.org**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |

## ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

**မနော်ရွှေစင်**
**တိုင်းရင်းရိုးရာအထည်ဆိုင်**
ဝန်ထမ်း မ(၂)ဦး အလိုရှိသည်။

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

**ရွှေရုပ်လှ Beauty Saloon**
အမျိုးသမီးဝန်ထမ်း (၁၀)ဦး

**ဥမ္မာဖိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၇၇၃၃၂၊
၀၉ ၇၆၇၁၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

**မယ်မဒီ**
စက်ချုပ်ကျွမ်းကျင်
မ (၅) ဦးအလိုရှိသည်

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၄၇၃၆၅၀၁

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Ah Fang (Beauty Saloon)**
ဝန်ထမ်းအလိုရှိသည်။

❑ **အလုပ်အကိုင်ရှာဖွေနေသူများ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**

Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**

(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခွပ်**

(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်းသုခ**

(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**

(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

## Airport Taxi ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၁၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၁၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၁၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

# မြန်မာနိုင်ငံတွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို ကျင့်သုံးသင့်ဟု ပညာရှင်များပြော

မြစ်ကြီးနား၊ မေ ၁၀

တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံတွင် မိခင်ဘာသာစကားကို အခြေပြုသည့် ဘာသာစကားစုံ ပညာရေးစနစ်ကို အသုံးပြုသင့်သည်ဟု ရန်ကုန်မြို့ Best Westem Green Hill Hotel တွင် ပြုလုပ်ခဲ့သည့် ပညာရေးဆိုင်ရာမူဝါဒများစာတမ်း မိတ်ဆက်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် အခြေခံပညာအဆင့်တိုင်း သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction)အဖြစ် မိမိတို့နားမလည်သော ဘာသာစကားစာပေဖြင့် သင်ကြားနေရသည့်အတွက် စိန်ခေါ်ချက်များကြုံတွေ့နေရကြောင်း တိုင်းရင်းသားလူမျိုးရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဘုတ်အဖွဲ့ဒါရိုက်တာ ဦးစိုင်းညွှန့်လွင်က ပြောသည်။

"ပညာရေးစနစ်မှာ တိုင်းရင်းသားတွေအတွက် ကိုယ်မတတ်ကျွမ်းတဲ့ဘာသာစကားနဲ့ သင်ကြားရတဲ့အခါမှာ အခက်အခဲတွေဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရနဲ့ ပြည်နယ်အစိုးရတွေဟာ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တောင်းပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တောင် မရှိဘူးဆိုတာကို ၂၀၀၈ အခြေခံ ဥပဒေမှာ အတိအလင်းဖော်ပြထားပါတယ်"ဟု ဦးစိုင်းညွှန့်လွင်က ပြောသည်။

ပညာရေးမူဝါဒများ မူကြမ်းတွင် ပညာရေးဆိုင်ရာအခွင့်အာဏာကို သက်ဆိုင်ရာ ပြည်နယ်ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့် ရှိရမည့်အပြင်၊ မိခင်ဘာသာစကားစုံပညာရေး Mother Tongue Based Mulitilingual Education စနစ်ကို မူလတန်းမှစတင်၍ အဆင့်ဆင့်တိုးချဲ့ပြီး အဆင့်မြင့်ဒီဂရီ (Advanced Degree) များ သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရမှ ပြဋ္ဌာန်းပေးပိုင်ခွင့်ရှိရမည်ဟု ဖော်ပြထားသည်။

အဆိုပါ ပညာရေးမူဝါဒများမူကြမ်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုအခြေခံ၊ လူမျိုးစုအခြေခံ၊ ကျောင်းကိုအခြေခံထားသည်ဟုလည်း သိရသည်။

ကျောင်းပညာရေးအဆင့်တိုင်းတွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်ကို အနိမ့်ဆုံးမူလတန်းမှစတင်ပြီးအဆင့်ဆင့် အသုံးပြုသင်ကြားရန် လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။

ထိုစနစ်ကို မြန်မာနိုင်ငံပညာရေးပညာရေးတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပါက ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုတိုးတက်လာမည့် အပြင်၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေနှင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်သကဲ့ဖြစ်နေမည်ဖြစ်ကြောင်းကို သုတေသနပညာရှင် ထောင်းကျင်ဆန်းက ဆက်ပြောပြသည်။

"ဒီစနစ်ကို ကျင့်သုံးခြင်းဟာ မိခင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းသလိုဖြစ်သလို၊ အခန်းကဏ္ဍမြင့်တင်ပေးရာလည်း ရောက်ပါတယ်။ ဒါ့အပြင် လူ့စွမ်းအားအရင်းအမြစ်တွေ ပိုမိုပေါ်ထွန်းလာပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း အကျိုးသက်ရောက်မှုများမယ်လို့ ယုံကြည်ပါတယ်"ဟု သုတေသနပညာရှင်ထောင်းကျင်ဆန်းက ပြောသည်။

ငြိမ်းချမ်းရေးနှင့် အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်က အထောက်အကူပေးမည်ဟု မျှော်လင့်ကြောင်းကို လက်ထောက်အမှုဆောင် ဒါရိုက်တာဒေါက်တာပညာမွန်က ပြောပြသည်။

"ဖက်ဒရယ်ပညာရေးစနစ်ထဲမှာအသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားတွေကို သူတို့ဘာသာစကားနဲ့ သင်ကြားပေးရမယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်တယ်။ ဒီနိုင်ငံဟာ သူတို့နိုင်ငံဖြစ်တယ်"ဟု ဒေါက်တာပညာမွန်က ပြောသည်။

ဖက်ဒရယ်ပြည်ထောင်စုအတွက် အိန္ဒိယ၊ အမေရိကန်၊ ဆွစ်ဇာလန်၊ ပါပူးဝါးနယူးဂီနီနိုင်ငံများ၏ ပညာရေးစနစ်ကို လေ့လာချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း သက်ဆိုင်နေသည့်အတွက် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်နိုင်ကြောင်း အခြားပညာရှင်များကလည်း ထောက်ပြပြောဆိုခဲ့သည်။

ဆိုင်း (ကချင်မြေ)

# လာမည့်ကျောင်းဖွင့်ရာသီတွင် အခမဲ့ထုတ်ပေးရန် ကျောင်းသုံးပစ္စည်းများအသင့်ဖြစ်

မြစ်ကြီးနား၊ မေ ၁၂

ကျောင်းအပ်ရာသီတွင် ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းသားများအား အခမဲ့ထောက်ပံ့ရန်အတွက် ကျောင်းသုံးပစ္စည်းများ အသင့်ရှိနေပြီဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ကျောင်းလာအပ်နှံသည်နှင့်တစ်ပြိုင်နက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများကို အထက်တန်း၊ အလယ်တန်း၊ မူလတန်းများအလိုက်ထုတ်ပေးရန် အသင့်ရှိနေပြီဖြစ်ကြောင်း ပြည်နယ်ပညာရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက ပြောကြားသည်။




"ထုတ်ပေးဖို့ အသင့်ပါပဲ။ ဆရာတို့ပြည်နယ်ကနေ ခရိုင်၊ မြို့နယ်အသီးသီး၊ သက်ဆိုင်ရာကျောင်းအုပ်တွေ အထိလည်း ပို့ပြီးပါပြီ။ တစ်ခုပဲရှိတယ်။ သွားရလာရနည်းနည်းခက်ခဲနေတဲ့ အခြေအနေမှာရှိတဲ့ ဆော့လောဒေသလိုမျိုးမှာရှိတဲ့ ကျောင်းတွေအတွက်က ချီဖွေမြို့နယ်ရုံးမှာတော့ရောက်နေပါပြီ"ဟုဦးမင်းဦးကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လာမည့် ၂၀၁၈ - ၁၉ပညာသင်နှစ်တွင် ကျောင်းအပ်နှံသည့်အခါမည်သည့်အခကြေးငွေမျှ ကောက်ခံမည်မဟုတ်သည့်အတွက် ပေးဆောင်ရန်မလိုအပ်ကြောင်းလည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ကြေညာထားသည်။

ပြည်နယ်ပညာရေးမှူးရုံးကလည်း ကျောင်းသားဦးရေများပြားလာခြင်း၊ ကျောင်းအပ်နှံမှုများပြားလာခြင်း၊ ထပ်ကျော့ကျောင်းအပ်နှံမှုများရှိခြင်းတို့ကြောင့် အခမဲ့ကျောင်းထောက်ပံ့ရေးပစ္စည်းများ ကျောင်းသား တိုင်းရရှိစေရန် သတ်မှတ်နယ်မြေများတွင် ကျောင်းအပ်နှံကြစေလိုသည်ဟုဆိုသည်။

ထို့အပြင် မိဘများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် အကြံပြုထားသည်။

ကချင်ပြည်နယ်တွင် ၂၀၁၇-၁၈ ပညာသင်နှစ်က အခြေခံပညာကျောင်းပေါင်း ၁၅၃၁ ကျောင်းရှိပြီး၊ ထိုကျောင်းများတွင် သင်ကြားနေသည့် ဆရာ/မ စုစုပေါင်း ၄၃၄၇၂ ဦးနှင့် ကျောင်းသား/သူ စုစုပေါင်း ၃၃၆၀၁၈ ဦးရှိကြောင်း ကချင်ပြည်နယ်ပြည်နယ်ပညာရေးမှူးရုံးတွင် ကြေညာထားသည့် အချက်အလက်များအရ သိရသည်။

ဆိုင်း (ကချင်မြေ)

Scholarship Info


## Naushawng Alumni Research Grant

NSEN/ NCS ကျောင်းသားဟောင်းများ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်စေရန်နှင့် သုတေသီများ ပိုမိုပေါ်ထွက်လာစေရန် ရည်ရွယ်၍ Naushawng Development Institute (NDI)မှ ပေးအပ်သော Alumni Research Grant အား NSEN/ NCS ကျောင်းသူ၊ ကျောင်းသားဟောင်းများ လျှောက်ထားနိုင်ပါသည်။ ယခုနှစ်အတွက် သုတေသီ၄ဦးကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ မေလ ၂၈ ရက် ၂၀၁၈ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက alumni.naushawng@gmail သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Chancellor's Scholarship Full Tuition Fee

England နိုင်ငံရှိ University of the West of England (UWE) မှ Post Graduate Degree အတွက်ပေးအပ်သော Full Tuition Fee scholarship (100%) ကိုလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ May 31, 2018 ဖြစ်ပါသည်။ Online မှ တစ်ဆင့်လျှောက်ထားနိုင်မည့် Website မှာ https://welcome.uwe.ac.uk/live/sits.urd/run/siw_lgn ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://mentorks.net/2018/03/05/chancellors-scholarship-university-west-endland-full-tuition-fee/တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



# ကချင်ပြည်နယ်အတွင်းရှိ ကဏ္ဍအချို့တွင် သုတေသနပြုထားသော တွေ့ရှိချက်များအပေါ် နှီးနှောဖလှယ်

မြစ်ကြီးနား၊ မေ ၁၂

ကချင်ပြည်နယ်အတွင်းရှိ ကဏ္ဍအချို့ကို သုတေသနပြုရာတွင် တွေ့ရှိချက်များနှင့် ပတ်သက်၍ သုတေသနလုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းကာ အပြန်အလှန်ဆွေးနွေးနှီးနှောသည့် စာတမ်းဖတ်ပွဲငယ်တစ်ခုကို မြစ်ကြီးနားမြို့ရှိ ဟူးကောင်းဟိုတယ်တွင် မေလ ၁၁ ရက်က ကျင်းပခဲ့သည်။



Mini - Research Conference စာတမ်းငယ်ဖတ်ပွဲတွင် ပညာရေးနှင့်ဆိုင်သော Research on Education၊ ပေါ်လစီနှင့်ဆိုင်သော Research on Public Policy၊ မှုခင်းနှင့်ဆိုင်သော Research on Crime in Myitkyina၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သော Research on Agriculture Sectors စာတမ်းငယ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

သုတေသနတွေ့ရှိချက်များကို ထိုသို့အချင်းချင်းဆွေးနွေး၊ နှီးနှောဖလှယ်မှုများ ပြုလုပ်ခြင်းဖြင့် ပိုမိုအားကောင်းသောသုတေသနကွန်ရက်များ ဖြစ်ပေါ်လာရန် ရည်ရွယ်သည်ဟု နောင်ရှောင်လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဒါရိုက်တာဦးဘောက်လာက ပြောသည်။

"တကယ်ပဲ အားလုံးသိကြတဲ့အတိုင်း သုတေသနလုပ်ဆောင်နေကြတဲ့ အဖွဲ့အစည်းတွေက အများကြီးရှိကြပါတယ်။ အသီးသီးကလည်း သုတေသနတွေကို လုပ်နေကြပါတယ်။ ဒီလိုအဖွဲ့တွေက မဆုံဖြစ်ကြဘူး။ ဒါကြောင့် အခုဒီမှာ ပြောကြမယ်၊ ဆိုကြမယ်။ နောက်ပြီးတော့မှ ဘာတွေကို ဆက်လုပ်နိုင်မယ့်ဟာကို ဝိုင်းစဉ်းစားကြပါမယ်"ဟု ဦးဘောက်လာက ပြောသည်။

စာတမ်းဖတ်ပွဲတွင် တက်ရောက်လာသည့် Oxfan အဖွဲ့ကလည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံတွင် ပြုစုထားသည့် တွေ့ရှိချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

"သုတေသနလုပ်ထားတဲ့ အထောက်အထားတွေကို ပြသမယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ဘယ်လို အပြောင်းအလဲတွေ လုပ်ကြမလဲ။ သုတေသနနဲ့ ဆိုင်တဲ့ဟာကို ရှေ့ဆက်ဘယ်လိုပူးပေါင်းပြီး လုပ်ဆောင်ကြမယ်ဆိုတာ ဆုံးဖြတ်ကြပါမယ်"ဟု Oxfam မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ သုတေသနစာတမ်းငယ်ဖတ်ပွဲသို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများအပြင် ပြင်ပမှ အခြားစိတ်ဝင်စားသူများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)

# ဆည်မြောင်းဦးစီးဌာန၏ စစ်ဆေးချက်ရလဒ်ကို မကျေနပ်သဖြင့် နောက်တစ်ကြိမ်ပြန်စစ်ပေးစေလိုကြောင်းဒိန်ဂျာယန်ဒေသခံများ ပြော

မြစ်ကြီးနား၊ မေ ၁၀



ဓါတ်ပုံ - မွန်းမွန်းပန်

ဝိုင်းမော်မြို့နယ်၊ ဒိန်ဂျာယန်ကျေးရွာ ဒေသခံများအသုံးပြုနေသော ဆည်မြောင်းများကို ဖျက်ဆီးနေသဖြင့် ထိနီထိဝါကုမ္ပဏီကို အမြန်ဆုံးတားဆီးပေးရန် ဒေသခံများ၏ တင်ပြချက်အရ လာရောက်စစ်ဆေးခဲ့သည့် မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ ဆောင်ရွက်မှုကို အားရကျေနပ်မှုမရှိသဖြင့် နောက်တစ်ကြိမ်ထပ်မံစစ်ဆေးပေးစေလိုသည်ဟု ဒေသခံများက ပြောသည်။

ယင်းပြဿနာကို အမြန်ဆုံးတားဆီးပေးရန် ပြည်သူ ၁၆၀ ကျော် လက်မှတ်ရေးထိုးပြီး ဧပြီလ ၉ ရက်က ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြတောင်းဆိုခဲ့ရာမေလ ၇ ရက်ကမြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စစ်ဆေးချက်တွင် တိကျသည့်အဖြေ မပေးခဲ့သဖြင့် ပြန်လည်စိစစ်ပေးရန် တောင်းခံခြင်းဖြစ်ကြောင်း ဒေသခံများပြောချက်အရ သိရသည်။

"ကျွန်တော်တို့စာတင်တာက ဆည်မြောင်းတစ်ခုတည်း မဟုတ်ဘူး။ လယ်ယာစိုက်ပျိုးရေးကိုလည်းတင်တာဟုတ်တယ်။ ဌာနဆိုင်ရာလေး၊ ငါးခုကိုတင်လိုက်တာအခုက ဌာနတစ်ခုတည်းလာပြီး စစ်ဆေးတယ်။ အဲဒါကလည်း ကွင်းထဲအထိမဆင်းဘဲ စစ်ဆေးမှုတွေလုပ်သွားတယ်။ ဒါကြောင့် သေချာစစ်ဆေးစေချင်ပါတယ်"ဟု ဒေသခံဦးဗျာတားကပြောသည်။

ဒိန်ဂျာချောင်းမှာ လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်က အစိုးရဆောက်ပေးထားသော ဆည်ကြီးတစ်ခု၊ ကျေးရွာရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော ဆည် ၃ ခုရှိပြီး ယင်းရေကို ဒေသခံပြည်သူအားလုံး အသုံးပြုနေရကြောင်း သိရသည်။

အဆိုပါဆည် ရှိနေသည့်အတွက် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်ရေသုံးရေအပြင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် အဓိကသုံးစွဲနေရသောရေဖြစ်သည့်အတွက် ယခုနှစ်တွင် လုံလောက်စွာ မသုံးစွဲနိုင်တော့မည်ကို လည်းစိုးရိမ်နေကြသည်ဟု ဆိုသည်။

"ကျွန်တော်တို့အတွက် ဘယ်လောက်အထိအရေးကြီးသလဲဆိုရင် အဲဒါက တစ်ရွာလုံးအတွက် မရှိမဖြစ်လိုအပ်တဲ့ ချောင်းဆည်ပါ။ အဲဒီကရေခမ်းရင် ရွာထဲကရေတွင်းရေလည်းအကုန်လိုက်ခမ်းတာဖြစ်တဲ့အတွက် အဲဒီရေကအဓိကမရှိမဖြစ်လိုအပ်ပါတယ်"ဟု ဆည်ရေထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးဝေါ်ဆီးက ပြောသည်။

ယခင်က ယင်းကုမ္ပဏီ မဝင်ရောက်ခင် နဂါးနှစ်ကောင်ကုမ္ပဏီ၊ ဦးညွန့်အောင်ကုမ္ပဏီနှင့် ပါဝါဖိုက်စတားကုမ္ပဏီတို့ ဝင်ရောက်လုပ်ကိုင်ချိန်ကလည်း တားဆီးပိတ်ပင်မှုများ ပြုလုပ်ခဲ့သည့်အတွက် ချောင်းရေမှာယနေ့တိုင် မပျက်စီးဘဲရှိနေခြင်းဖြစ်ကြောင်း ဦးဝေါ်ဆီးက ပြောသည်။

"ကျွန်တော်တို့ရွာက လယ်ယာကို အဓိကထားမှီခိုလုပ်ကိုင်စားသောက်ရတဲ့ရွာဖြစ်တဲ့အတွက် တကယ်လို့ရေမရှိတော့ဘူးဆိုရင် မိသားစုစားဝတ်နေရေးကတော့ အရမ်းခက်ခဲတော့မှာပါ။ ဒါကြောင့် ဒီဆည်ကို ဖျက်ဆီးမှုကို အမြန်ဆုံးစိစစ်ပြီး တားဆီးပေးပါလို့ ပြောချင်ပါတယ်"ဟု ဦးဝေါ်ဆီးက ဆက်လက်ပြောသည်။

မွန်းမွန်းပန်

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၂၀၀၀ကျပ်/၁၃၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၈၀၀ကျပ် |
| အာလူး | ၈၀၀ကျပ် |
| ကုလားပဲ | ၁၈၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် | ၅၀၀၀ကျပ် |
| ချင်း | ၁၅၀၀ကျပ် |

မြစ်ကြီးနားသတင်းဂျာနယ်
(မေ ၁၈ - မေ ၂၄၊ ၂၀၁၈)

# ဒုတိယအကြိမ် Mister & Miss Tourism and Culture Universe Bamaw 2019 ပြိုင်ပွဲတွင် မောင်အောင်မျိုးနှင့် နင်းသက်သက်ဝေတို့ ဆုရ



Mister Winner ဆုရှင် မောင် အောင်မျိုး

ဓါတ်ပုံ - ဆိုင်းလတ်အောင်



Miss Winner ဆုရှင် မနင်းသက်သက်ဝေ

ဓါတ်ပုံ - ဆိုင်းလတ်အောင်

မြစ်ကြီးနား၊ မေ ၁၅

မြစ်ကြီးနားမြို့ အောင်နန်းကက်သလစ်ဘုရားကျောင်း၊ ခန်းမဆောင်တွင် မေလ ၁၅ ရက်နေ့ညက ကျင်းပခဲ့သော ဒုတိယအကြိမ် Mister & Miss Tourism and Culture Universe Bamaw 2019 ပြိုင်ပွဲတွင် မောင်အောင်မျိုးနှင့် မနင်းသက်သက်ဝေတို့က Winner ဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ထိုပြိုင်ပွဲတွင် Mister ၁၄ ဦးနှင့် Miss ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာတွင် Winner ဆုရှင်များအနေဖြင့် နိုင်ငံအဆင့်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်၍ လိုအပ်သမျှကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း City Director ကိုပြည့်စုံအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဆက်ပြိုင်ကြတဲ့အခါမှာလည်း သူတို့တွေ ဘာမှလိုလေသေးမရှိအောင် ပံ့ပိုးကူညီသွားမှာပါ။ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းဖို့အတွက်လည်း ကျွမ်းကျင်တဲ့ ဆရာဆရာမတွေဆီ သေသေချာချာကို တာဝန်ယူပြီး လိုက်အပ် ပေးသွားမှာပါ" ဟု ပြည့်စုံအောင်က ပြောသည်။

Winner ဆုရှင် မောင်အောင်မျိုးက ယခုဆုရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်းနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် Misterကောင်းတစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

"မထင်မှတ်ဘဲ ဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ရင်လည်းခုန်နေပါတယ်။ ရှေ့ဆက်ပြီး ဒီထက်ကောင်းအောင် ကြိုးစားသွားပါ့မယ်" ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဆုရရှိသော အလှမယ်နင်းသက်သက်ဝေကလည်း ရှေ့ဆက်ပြီး အနုပညာအလုပ်များကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီပွဲမှာ ဆုရတဲ့အတွက်လည်း အံ့သြမိပါတယ်။ ဒီမှာရပ်မနေဘဲ ဆက်လက်အစွမ်းကုန်ဆက်ကြိုးစားသွားမှာပါ။ ဆက်ပြိုင်တဲ့အခါလည်း ဆုတွေထပ်ရအောင် ထပ်ကြိုးစားမှာပါဟု အလှမယ်နင်းသက်သက်ဝေက ပြောသည်။

ဒုတိယအကြိမ် Mister & Miss Tourism and Culture Universe Bamaw 2019 ပြိုင်ပွဲ Winner ဆုရှင် မောင်အောင်မျိုးနှင့် မနင်းသက်သက်ဝေတို့သည် ရန်ကုန်မြို့တွင် ကျင်းပမည့်ပြိုင်ပွဲသို့ ဗန်းမော်မြို့ကိုယ်စားဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)









www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm


Myitkyina News Journal

myitkyinanewsjournal

ID-MyitkyinaNewsJournal / Name-Myitkyina News Journal



မြစ်ကြီးနားသတင်းဂျာနယ် website



မြစ်ကြီးနားသတင်းဂျာနယ် Youtube




မြစ်ကြီးနားသတင်းဂျာနယ် Viber










မြစ်ကြီးနားသတင်းဂျာနယ် TV News

မြစ်ကြီးနားသတင်း ဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို

အွန်လိုင်း၊ အင်တာနက် စာမျက်နှာများဖြစ်သော..............

Website

Viber

Face Book

You Tube

များပေါ်တွ

ဝင်ရောက်

ဖတ်ရှုနိုင်

ပါပြီ.....

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၁၈ - မေ ၂၄၊ ၂၀၁၈ )

# စစ်ရှောင် ဒုက္ခသည်တွေကို လေးစားတယ်ဆိုတဲ့ နိုင်ငံကျော် အဆိုတော် နှင့် ရုပ်ရှင်သရုပ်ဆောင် အမွန်း

**“ငါကချင်ပြည်နယ်က လာတယ်ဆိုပြီးတွန့်ဆုတ်မနေဖို့ လိုပါတယ်။ အားအပြည့် မာန်အပြည့်နဲ့ လုပ်စရာရှိတာကို အကောင်းဆုံးချပြနိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို မောင်းတင်ထားမယ်ဆိုရင်တော့ အခက်အခဲနည်းနည်းတော့ နည်းမှာပါ။ ကြောက်စိတ်မရှိဖို့လိုပါတယ်”လို့ ပွင့်လင်းရဲရင့်တဲ့ပုံစံနဲ့ နိုင်ငံကျော်အဆိုတော်မလေးအမွန်း မြစ်ကြီးနားမြို့ကို လာရောက်ခိုက် မြစ်ကြီးနားသတင်းဂျာနယ်က အမိအရ သွားရောက်တွေ့ဆုံမေးမြန်း ထားသမျှကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။**



**ပထမဦးဆုံးအနေနဲ့ အမွန်းကချင်ပြည်နယ်ကို လာဖြစ်တဲ့အကြောင်းလေး ပြောပြပေးပါ။**

အမွန်းအဓိက လာရောက်ရခြင်းက အကြောင်းနှစ်ချက်ရှိပါတယ်။ အမွန်းကချင်ပြည်နယ်လာချင်တာက နောက်ပိုင်းဒုက္ခသည်တွေ ထပ်ပြီးတိုးလာကတည်းက လာချင်နေတာပါ။ ပိတ်မိနေတဲ့ဒုက္ခသည်တွေ ထွက်လာပြီး ရှုပ်နေတဲ့အချိန်မှာ အမွန်းကတာဝန်တွေပိနေပြီး နိုင်ငံခြားတွေရောက်နေခဲ့တယ်။ အဲဒီအခါကျတော့ အမွန်း မြန်မာနိုင်ငံကိုပြန်ရောက်ရောက်ချင်း တစ်ရက်တောင်မခြားဘူး မြစ်ကြီးနားကိုလာခဲ့လိုက်ပါတယ်။ အဓိကကတော့ ဒီဒုက္ခသည်တွေ အမွန်းကိုယ်တိုင် မျက်စိနဲ့မြင်ပြီးတော့မှ သူတို့အားပေးချင်လို့ လာရောက်ဖြစ်တာပါ။ ဒုတိယအချက်ကတော့ အမွန်းရဲ့မွေးရပ်ဇာတိမြေဖြစ်တဲ့မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်က ဗေသလဘုရားကျောင်းရှိပါတယ်။ အဲဒီဘုရားကျောင်းရဲ့ ပညာရေးရန်ပုံငွေရှာတဲ့ပွဲမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ပေးဖို့အတွက် ဖိတ်ခေါ်တာကြောင့်ပါ။ အဲဒီနှစ်ချက်နဲ့အမွန်းလာခဲ့တာပါရှင့်။

**အခု အမွန်းရဲ့လတ်တလော အနုပညာလှုပ်ရှားမှု ဘာတွေလုပ်နေလဲ။**

လတ်တလောကတော့ “ဒုဋ္ဌဝတီကိုလွန်၍”ဆိုတဲ့ ရုပ်ရှင်ကားကြီး ထွက်ထားတာမကြာသေးဘူးပေ့ါနော်။ ရုံတွေမှာလည်း ရက်တွေထပ်တိုးပြီးပြနေတဲ့အခါကျတော့ အဲဒါနဲ့ပတ်သက်တာတွေ Promotion ပိုင်းဆိုင်ရာတွေပေ့ါနော် အမွန်းဆက်လုပ်သွားဖို့ရှိပါတယ်။ အခုလတ်တလော အမွန်းခရီးတွေအရမ်းများပါတယ်။ နှစ်လအတွင်းမှ ခြောက်နိုင်ငံ ခုနှစ်နိုင်ငံလောက်သွားရပါမယ်။ သီချင်းအသစ်တွေကတော့ ရေးဖြစ်နေပါတယ်။ သီချင်းအသစ်အဆန်းတွေ ဖန်တီးတာမျိုးတွေလည်း အမွန်းလုပ်နေပါတယ်။ ရှေ့ဆက်ပြီးတော့ လုပ်မယ့်အလုပ်တွေအတွက်လည်း အမွန်းပြင်ဆင်နေပါတယ်ရှင့်။

**ဒုဋ္ဌဝတီဇာတ်ကားကို ရိုက်တဲ့အခါမှာ တိုင်းရင်းသူတစ်ယောက်အနေနဲ့ အမွန်းဘယ်လိုအခက်အခဲတွေရှိခဲ့လဲ။**

ကချင်တိုင်းရင်းသူအနေနဲ့တော့ အမွန်းက စကားဝဲတာတော့မရှိဘူးပေ့ါနော်။ တိုင်းရင်းသူမို့လို့ ဒုက္ခရောက်တာတော့မရှိပါဘူး။ တစ်ခုပဲ အမွန်းရဲ့အကျင့်စရိုက်က ဇိုးဇိုးဇတ်ဇတ်နဲ့အင်မတန်မြန်တယ်ပေ့ါနော်။ အဲဒီ အခါကျ တော့ အမွန်းတချို့နေရာတွေမှာ အေးအေးဆေးဆေးပုံစံမျိုးနဲ့ သမိုင်းကြောင်းကိုရှင်းပြရတဲ့အသံဖြစ်အောင် ပြန်ပြီးတော့မှအသက်ပြန်သွင်းရတာမျိုးရှိတယ်။ အခက်အခဲဆိုရင်တော့ နေပူမရှောင်မိုးရွာမရှောင် လုပ်ရတဲ့ကိစ္စပေ့ါနော်။ အဲဒါမျိုးလေးတွေ ရှိပါတယ်။

**ပထမဆုံးရိုက်တဲ့ ဒီဇာတ်ကားကြီးမှာ အမွန်းသရုပ်ဆောင်တာ တော်တော်လေးကောင်းတယ်လို့ ပရိသတ်အများ စုကမှတ်ချက်ပေးပါတယ်။ တချို့ဝေဖန်ကြတဲ့ ပရိသတ်လည်းရှိကောင်းရှိမှာပေ့ါနော်။ အဲဒါကိုအမွန်းအနေနဲ့ဘာများပြောချင်ပါသလဲ။**

အမွန်းကတော့ ဝေဖန်မှုတွေကို ကောင်းတာပြောပြော ဆိုးတာပြောပြော Welcome ပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အကောင်းချည်းပဲပြောနေရင်တော့ အမွန်းမြောက်သွားမှာပေ့ါနော်။ ဒါပေမဲ့ အဆိုးကြောင့်လည်း အမွန်းစိတ်ဓာတ်မကျသွားအောင် နေပါတယ်။ အဲဒါကြောင့် Comment ကို Comment လိုပဲသဘောထားပါတယ်ရှင့်။

**အမွန်းရဲ့ဘဝတစ်လျှောက်မှာ မေ့လို့မရနိုင်တဲ့ အမှတ်တရတစ်ခုကိုလည်း စာဖတ်ပရိတ်သတ်ကြီးသိအောင် ပြောပြပေးပါဦး။**

မေ့မရတာတော့ အများကြီးပဲ။ အဲဒီအထဲက တစ်ခုဆိုရင်တော့ အမွန်း ပထမဦးဆုံး ဗေသလဘုရားကျောင်းမှာ အသက်သုံးနှစ်ခွဲ လေးနှစ်ဝန်းကျင်က သပိတ်လွယ်ငှက်ဆိုတဲ့ သီချင်းလေးကို ဆိုခဲ့ဖူးတာ Band အပြည့်အစုံနဲ့ဆိုခဲ့ဖူးတာ မှတ်မှတ်ရရပါပဲ။

**ကျွန်တော်တို့ ကချင်ပြည်နယ်ကအနုပညာရှင်တွေ ရန်ကုန်မှာ အနုပညာလုပ်ငန်းသွားလုပ်ကြတဲ့အခါ အခက်အခဲတွေ အများကြီးကြုံရတယ်လို့ ကြားဖူးပါတယ်။ နောက်လာမယ့် အနုပညာမျိုးဆက်တွေအတွက် ရန်ကုန်မှာသွားလုပ်ကြမယ်ဆိုရင် ဘာတွေပြင်ထားဖို့လိုမလဲဆိုတာ အမွန်းရဲ့အမြင်လေးကို သိပါရစေ။**

အဓိကကတော့လေ မြန်မာစကား သေသေချာချာ ပီသနေဖို့လိုပါတယ်။ အရမ်းကြီးမပီသဘူးဆိုရင်တောင်မှ တစ်နိုင်ငံလုံးအသိုင်းအဝိုင်းမှာ သီချင်းဆိုရင်ဖြစ်ဖြစ် သရုပ်ဆောင်ရင်ပဲဖြစ်ဖြစ် လေယူလေသိမ်းနဲ့စကားပြောတာ အရမ်းအရေးကြီးတယ်လို့ အမွန်းမြင်ပါတယ်။ ကချင်အသိုင်းအဝိုင်းကအကုန်အသံကောင်းပြီးသားပဲ။ စကားမပီသတဲ့အပေါ်မှာ ပရိသတ်နားစွဲတာ မစွဲတာက အရမ်းအရေးကြီးပါတယ်လို့ အမွန်းပရိသတ်တစ်ယောက်အနေနဲ့ မြင်ပါတယ်။ နောက်တစ်ခုက ငါ ကချင်ပြည်နယ်က လာတယ်ဆိုပြီး တွန့်ဆုတ်မနေဖို့ လိုပါတယ်။ အားအပြည့် မာန်အပြည့်နဲ့ လုပ်စရာရှိတာကို အကောင်းဆုံးချပြနိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို မီးမောင်းတင်ထားမယ်ဆိုရင်တော့ အခက်အခဲနည်းနည်းတော့ နည်းမှာပါ။ ကြောက်စိတ်မရှိဖို့လိုပါတယ်။



**ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အခုဖြစ်နေတဲ့ တိုက်ပွဲတွေအပေါ် အမွန်းဘယ်လိုမြင်လဲဗျ။**

ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ အမွန်း Facebook မှာလည်း အမွန်းပြောဖူးပါတယ်။ အမွန်းတို့က မိုးရွာလို့မိုးယိုလို့ စိုနေတဲ့ကြမ်းပြင်ကို သုတ်နေရတာနဲ့တူနေတယ်။ အမွန်းတော့အဲဒီလိုပဲမြင်တယ်။ တကယ်တော့ဒီကြမ်းပြင်စိုရခြင်းရဲ့ အကြောင်းအရင်းဖြစ်တဲ့ ခေါင်မိုးကအပေါက်ကို မဖာကြဘူး။ အဓိက ဒီစစ်ပြီးမှရမှာ။ စစ်ပွဲကြောင့်ခံနေရတဲ့ မြေစာပင်ဖြစ်တဲ့ အမွန်းတို့ကချင်တိုင်းရင်းသားတွေက အိမ်ပစ်ယာပစ်နဲ့ပြေးနေရဦးမှာပဲ။ စစ်ပြီးဖို့လိုပါတယ်။ အမွန်းပြောချင်တာက ဒီပြည်သူတွေကို လူသားအနေနဲ့ ကြည့်လိုက်ပါ၊ ချစ်ခြင်းမေတ္တာနဲ့ ကြည့်လိုက်ပါ။ သူတို့ခံစားနေရတာတွေကို အမွန်းရပ်စေချင်တယ်။ ပြီးတော့ အမွန်းရဲ့လူမျိုးတွေ သူတို့ တစ်သက်လုံးရှာထားသမျှ တောင်ယာ၊ ကျွဲ၊ နွား အကုန်လုံးပေ့ါနော် ပစ်ပြီးတော့မှ ဒုက္ခသည်အနေနဲ့ မသွားချင်ကြဘူး။ ဒီတော့ ငြိမ်းချမ်းရေးရဖို့ အမွန်းက လိုလားပါတယ်။

**တစ်နိုင်ငံလုံးမှာရှိနေတဲ့ စစ်ရှောင်ပြည်သူတွေအတွက် အမွန်းရဲ့အားပေးစကားသံလေး။**

စစ်ရှောင်ပြည်သူတွေ အမွန်းပြောချင်တဲ့အားပေးစကားကတော့ စစ်ရှောင်ပြည်သူတွေကို အမွန်းအလွန် လေးစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဓာတ်မကျဘဲနဲ့ ကိုယ်တစ်ယောက်တည်း မဟုတ်ဘဲနဲ့ ကိုယ်ရဲ့မိသားစုကိုပါ အလွတ်ရုန်းပြီး ဒီဒုက္ခသည်စခန်းတွေအထိ ပြေးလာနိုင်တယ်။ သူတို့တွေသည် စိတ်ဓာတ်ရော ခန္ဓာကိုယ်ရော ကြံ့ခိုင်ကျန်းမာသူတွေလို့ အမွန်းမြင်ပါတယ်။ တောင်တွေယာတွေ ပစ်ခဲ့ရလို့ လုပ်စရာမရှိတော့ဘူးလို့ မတွေးပါနဲ့လို့ ပြောချင်ပါတယ်။ ဒီမြေပြန့်မှာ ကိုယ်ဝါသနာပါတဲ့အရာတွေကိုလုပ်ရင်း အဆိုးထဲက အကောင်းအဖြစ်နဲ့ တွေးယူပြီးတော့မှ ကိုယ့်ဘဝမှာ မြင့်မားသွားစေမယ့်အရာတွေကို လေ့လာပါ။ စိတ်ဓာတ်မကျပါနဲ့။ သူတို့နောက်မှာ အမွန်းတို့ ကချင်ပြည်လူထုတစ်ရပ်လုံးရှိပါတယ်ဆိုတာကို ဘယ်တော့မှ မမေ့ပါနဲ့၊ သူတို့ အမွန်း သိပ်ချစ်တယ် အင်မတန်လေးစားတယ်ဆိုတာကို သိစေချင်ပါတယ်ရှင့်။

**နောက်ဆုံးအနေနဲ့ အမွန်းကို အားပေးတဲ့ ပရိတ်သတ်ကို ဘာများပြောချင်ပါသလဲ။**

ပရိတ်သတ်တွေပေးတဲ့ အားကြောင့်သာ အမွန်းအများကြီးလုပ်နိုင်ခဲ့တာပါ။ ပရိသတ်အားပေးမှုတွေနဲ့ အမွန်းအများကြီးကြိုးစားသွားပါဦးမယ်။ ဒီထက်ပိုပြီးတော့မှလည်း အနုပညာအလုပ်မှာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ လိုအပ်တဲ့နေရာတွေမှာ အုတ်တစ်ချပ်သဲတစ်ပွင့်၊ အလင်းရောင်လေးတစ်ခုအနေနဲ့ သေးသေးလေးပဲဖြစ်ဖြစ်ပေ့ါ အမွန်းရတဲ့နေရာကနေ ကူညီသွားချင်တယ်။

**အခုလိုဖြေကြားပေးလို့ အမွန်းကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးတင်ပါတယ်။**

ဟုတ်။ အမွန်းလည်းကျေးဇူးတင်ပါတယ်။

စည်သူ(မြစ်ကြီးနား)